# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

# စားသောက်ကုန်အတွက် သွင်းကုန်/ပို့ကုန်ဆိုင်ရာ
# စစ်ဆေးစိစစ်ခြင်း လုပ်ထုံးလုပ်နည်း
# (Standard Operating Procedures for Food Importation and Exportation)

( ၂၀၁၉) ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **စားသောက်ကုန်အတွက် သွင်းကုန်/ပို့ကုန်ဆိုင်ရာ စစ်ဆေးစိစစ်ခြင်းလုပ်ထုံးလုပ်နည်း** | |
| **နိဒါန်း** | ၁ |
| **အခြေခံအကြောင်းအရင်း** | ၁ |
| **လုပ်ထုံးလုပ်နည်းသစ်အတွက်အခြေခံမူများ** | ၁ |
| **အဓိကဖြေလျှော့မှုများ** | |
| သွင်းကုန်ထောက်ခံချက် / ပို့ကုန်ထောက်ခံချက် | ၂ |
| သွင်းကုန်ကျန်းမာရေးထောက်ခံချက် / ပို့ကုန်ကျန်းမာရေးထောက်ခံချက် | ၂ |
| **စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း** | ၃ |
| သက်ဆိုင်ခြင်း | |
| သွင်းကုန်ထောက်ခံချက်လျှောက်ထားခြင်း | ၃ |
| ထောက်ခံချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း | ၄ |
| ဆက်သွယ်ခြင်း | ၅ |
| သွင်းကုန်ထောက်ခံချက်သက်တမ်း | ၅ |
| ကုမ္ပဏီ/လုပ်ငန်း၏အမည် (သို့မဟုတ်) လိပ်စာပြောင်းလဲခြင်းနှင့် ကုမ္ပဏီအချင်းချင်း လွှဲပြောင်းခြင်း | ၅ |
| သွင်းကုန်ထောက်ခံချက် ပျက်ပြယ်ခြင်း | ၆ |
| တာဝန်ရှိခြင်း | ၆ |
| စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက်လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (Flow Chart) | ၈ |
| စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက်လျှောက်ထားခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ | ၉-၁၀ |
| တင်ပြရန် သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ (နောက်ဆက်တွဲ-၁) | ၁၁-၁၂ |
| အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်း။ (Form ပုံစံ-၁) | ၁၃-၁၄ |

ခံဝန်ကတိပြုခြင်း ၁၅
တင်သွင်းလိုသည့်အစားအသောက်၏ တင်ပြရန်သတ်မှတ်ထားသည့်အသေးစိတ် သတ်မှတ်ချက်များ (ပူးတွဲ - ၁) ၁၆-၁၈

**စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

သက်ဆိုင်ခြင်း ၁၉
သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်း ၁၉-၂၁
ထောက်ခံချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း ၂၁-၂၂
ဆက်သွယ်ခြင်း ၂၂
တာဝန်ရှိခြင်း ၂၃
စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေး ထောက်ခံချက်လျှောက်ထားခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (Flow Chart) ၂၄
စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားခြင်း ဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ ၂၇
တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထား များ (နောက်ဆက်တွဲ-၂) ၂၅
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ကျန်းမာရေး ထောက်ခံချက် လျှောက်ထားခြင်း။ (Form ပုံစံ-၂) ၂၇-၂၉
တင်သွင်းလိုသည့်အစားအသောက်၏ တင်ပြရန်သတ်မှတ်ထားသည့် အသေးစိတ် သတ်မှတ်ချက်များ (ပူးတွဲ-၁) ၃၀

**စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း** ၃၃

သက်ဆိုင်ခြင်း ၃၃
ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်း ၃၃
ထောက်ခံချက် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ၃၄
ဆက်သွယ်ခြင်း ၃၅
စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ ၃၆

လုပ်ထုံးလုပ်နည်း (Flow Chart)

စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ ၃၇
လိုက်နာရမည့် စည်းကမ်းချက်များ

တင်ပြရန် သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ ၃၈
အထောက်အထားများ (နောက်ဆက်တွဲ-၃)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ပို့ကုန်ကျန်းမာရေး ၃၉-၄၀
ထောက်ခံချက် လျှောက်ထားခြင်း။ (ပုံစံ-၃)

## အထူးအခြေအနေများအတွက် လုပ်ထုံးလုပ်နည်း

(က) မြန်မာအထူးစီးပွားရေးဇုန်၏ ကင်းလွတ်ဇုန်အတွင်းရှိ လုပ်ငန်းများအတွက် ၄၁-၄၃
သီးခြားဖြေလျှော့ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း

(ခ) မြန်မာအထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းမြှင့်တင်ရေးဇုန်များရှိ လုပ်ငန်း ၄၃-၄၄
များအတွက် ဆောင်ရွက်မည့်လုပ်ထုံးလုပ်နည်း

(ဂ) နယ်စပ်ကုန်သွယ်ရေးအတွက် ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း ၄၅

(ဃ) လူစီးယာဉ် (လေယာဉ်အပါအဝင်) ဖြင့် တင်သွင်း/တင်ပို့မှု ၄၆

(င) သွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေးထောက်ခံချက်မရှိဘဲ တင်သွင်း ၄၆
လာသော အစားအသောက်များ

(စ) သိမ်းဆည်းရမိအစားအသောက်များ စိစစ်ခြင်းလုပ်ထုံးလုပ်နည်း ၄၆

## စားသောက်ကုန်အတွက် သွင်းကုန်/ပို့ကုန်ဆိုင်ရာ စစ်ဆေးစိစစ်ခြင်းလုပ်ထုံးလုပ်နည်း

## (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)

### နိဒါန်း

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားအစားအသောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အတွင်း ထုတ်လုပ်၊ တင်သွင်း/ တင်ပို့၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသော စားသောက်ကုန်များ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစားအသောက်ဘေးကင်းရေးကြီးကြပ်ကွပ်ကဲမှု တစ်ခုဖြစ်သည့် သွင်းကုန်/ပို့ကုန်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲသည့်စနစ်သည် အစားအသောက်ဘေးအန္တရာယ်အခြေပြုဆန်းစစ်စီမံခန့်ခွဲမှုကို အခြေခံသော၊ ကုန်သွယ်မှုလျင်မြန်လွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုသောစနစ်တစ်ရပ်ဖြစ်ရန်လိုအပ်လျက်ရှိပါသည်။

### အခြေခံအကြောင်းအရင်း

နိုင်ငံတကာနှင့်ဒေသတွင်း ကျင့်သုံးဆောင်ရွက်နေသော သွင်းကုန်/ ပို့ကုန်ဆိုင်ရာစစ်ဆေးခြင်းနှင့်အသိအမှတ်ပြုခြင်းစနစ်တို့နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်သာမက အစားအသောက်ဘေးကင်းရေးနှင့်အရည်အသွေးပြည့်မီရေးအတွက် ပိုမိုကြံ့ခိုင်သော စိစစ်မှုစနစ်ပေါ်ထွန်းလာရေးရည်ရွယ်ပြီး သွင်းကုန်/ပို့ကုန်ဆိုင်ရာကြီးကြပ်ကွပ်ကဲမည့် လုပ်ထုံးလုပ်နည်းအသစ်များကို ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲမှုအဆင့်(၃)ဆင့်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်းသည် ပိုမိုကြံ့ခိုင်သော သွင်းကုန်/ပို့ကုန်ဆိုင်ရာကြီးကြပ်ကွပ်ကဲမှုစနစ်အတွက် ပထမအဆင့်ပြုပြင်ပြောင်းလဲသည့်စနစ်ဖြစ်ပါသည်။

### လုပ်ထုံးလုပ်နည်းသစ်အတွက်အခြေခံမှုများ

(၁) အစားအသောက်ဘေးအန္တရာယ်အခြေပြု ဆန်းစစ်မှုကို အခြေခံသောစိစစ်ခြင်း

(၂) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအထောက်အကူပြုစေရန် အခြေခံ၍ စိစစ်ခြင်း

(၃) နိုင်ငံတကာနှင့် ဒေသတွင်းကျင့်သုံးဆောင်ရွက်နေသော သွင်းကုန်/ပို့ကုန်ဆိုင်ရာ စစ်ဆေးခြင်း၊ အသိအမှတ်ပြုခြင်းစနစ်နှင့် လိုက်လျောညီထွေစိစစ်ခြင်း

(၄) စားသောက်ကုန်တင်သွင်းသည့်လုပ်ငန်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပျိုးထောင်အားပေးသည့်စနစ်ကို အခြေခံ၍စိစစ်ခြင်း

(၅) စားသောက်ကုန်လုပ်ငန်းများ၏ အစားအသောက်ဥပဒေ၊ စည်းကမ်းများအပေါ်လိုက်နာမှုနှင့် တင်သွင်းစားသောက်ကုန်၏ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းနိုင်ခဲ့မှုအပေါ် အခြေခံစိစစ်ခြင်း

(၆) အချက်အလက်အခြေပြုစိစစ်ခြင်း (Data based assessment)

**အဓိကဖြေလျော့မှုများ**

**သွင်းကုန်ထောက်ခံချက်/ ပို့ကုန်ထောက်ခံချက်**

(၁) တင်သွင်းလိုသည့် စားသောက်ကုန်ကို နမူနာရယူခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှု မပြုလုပ်ခြင်း။

(၂) ထုတ်လုပ်သူတစ်ဦးတည်း၏ ကုန်ပစ္စည်းတူ၊ အမှတ်တံဆိပ်တူ၊ စားသောက်ကုန်ကို ထုပ်ပိုးပုံ (pack size) ကွဲပြားမှုများအတွက် ခွဲခြားသတ်မှတ်စိစစ်ခြင်းမပြုတော့ဘဲ တစ်ခုတည်းအဖြစ်သာ ဖြေလျော့ပေးခြင်း။

(၃) စိစစ်ခတစ်မျိုးတည်းသာ ပေးသွင်းရန်လိုအပ်ခြင်း။

(၄) သွင်းကုန်ထောက်ခံချက် သက်တမ်းကို (၂)နှစ်မှ (၃)နှစ်သို့ တိုးမြှင့်သတ်မှတ်ခြင်း။

(၅) ပို့ကုန်ထောက်ခံချက် လျှောက်ထားခြင်းအား ကင်းလွတ်ခွင့်ပြုခြင်း။

**သွင်းကုန်ကျန်းမာရေးထောက်ခံချက်/ ပို့ကုန်ကျန်းမာရေးထောက်ခံချက်**

(၆) စိစစ်ခနှင့် ဓာတ်ခွဲစစ်ဆေးခ (၂)မျိုးကို စားသောက်ကုန်အားလုံးအတွက် ပုံသေနှုန်းထားဖြင့် ကောက်ခံခြင်း။

(၇) ထောက်ခံချက်ထုတ်ပေးခြင်းကို ကြိုတင်ထုတ်ပေးခြင်းနှင့်စိစစ်ထုတ်ပေးခြင်းဟု နည်းလမ်း (၂) မျိုးဖြင့် ဆောင်ရွက်ပေးခြင်း။

# စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## (Import Recommendation – SOP)

## ၁။ သက်ဆိုင်ခြင်း

ပြည်တွင်းသို့ တင်သွင်းမည့် စားသောက်ကုန်များ (အသင့်စားသုံးရန် အခြေအနေထိ ပြုပြင်ထားသော အစားအသောက်၊ တစိတ်တပိုင်း ပြုပြင်ထားသော အစားအသောက်၊ အစားအသောက် ထပ်ဖြည့်ပစ္စည်းများ၊ အစားအသောက် ပြုပြင်ထုတ်လုပ်ရာတွင် အသုံးပြုသည့် နည်းပညာအကူပစ္စည်းများ) အားလုံးအတွက် သွင်းကုန်ထောက်ခံချက် လျှောက်ထားရယူရမည်။ ထုတ်လုပ်သူ၊ ကုန်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း အမျိုး အစားနှင့် အမှတ်တံဆိပ်တူညီပြီး ထုပ်ပိုးမှုပမာဏ (pack size)နှင့် ထုပ်ပိုးမှုဒီဇိုင်း (Design) ကွဲပြားမှုများအတွက် သွင်းကုန်ထောက်ခံချက်ကို တစ်ခုတည်းအဖြစ် သတ်မှတ်လျှောက်ထားနိုင်သည်။

## ၂။ သွင်းကုန်ထောက်ခံချက်လျှောက်ထားခြင်း

### (က) လျှောက်ထားနိုင်သည့်နေရာ

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်၊ ရန်ကုန်)၊ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန/ နယ်စပ်အစားအသောက်နှင့်ဆေးဝါးစစ်ဆေးရေးဌာနနှင့် အထူးအခြေအနေများအတွက် မြန်မာ့အထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှုကော်မတီရုံး၊ အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာနတို့တွင် လျှောက်ထားနိုင်သည်။

(ခ) တင်ပြရမည့်အချက်အလက်များ

သွင်းကုန်ထောက်ခံချက် လျှောက်ထားရာတွင် အောက်ပါအချက်များကို မဖြစ်မနေ တင်ပြရမည်။ တင်ပြမှုမပြည့်စုံသော လျှောက်ထားချက်များကို လက်ခံစိစစ်ဆောင်ရွက်မည် မဟုတ်ပါ။

(၁) တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ (နောက်ဆက်တွဲ – ၁)

(၂) စိစစ်ခပေးသွင်းပြီးကြောင်း အထောက်အထား

(၃) ခံဝန်ကတိပြုခြင်း (ပုံစံ – ၄)

### (ဂ) စိစစ်ခပေးသွင်းခြင်း

တင်သွင်းလိုသည့်စားသောက်ကုန်တစ်မျိုးချင်းအတွက် စိစစ်ခ ၅၀၀၀၀/–ကျပ် (ကျပ်ငါးသောင်းတိတိ)ကို သတ်မှတ်ထားသောဘဏ်တွင် သတ်မှတ်လမ်းစဉ်အတိုင်း ချလန်ဖြင့်ပေးသွင်းရ

မည်။ ပေးသွင်းပြီး ကြောင်း အထောက်အထားတင်ပြရမည်။ နောင်တွင် online စနစ်ဖြင့် ပေးသွင်းစေခြင်း၊ အဖိုးအခနှင့် သတ်မှတ်နှုန်း ထားများပြောင်းလဲခြင်းအစရှိသည့် ညွှန်ကြား ချက်များကို ဦးစီးဌာနမှ ကြော်ငြာပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက် ရမည်။

**၃။ ထောက်ခံချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း**

**(က) ထောက်ခံချက်ထုတ်ပေးခြင်း**

ပြည့်စုံသောတင်ပြလျှောက်ထားချက်များကို စိစစ်၍ လျှောက်ထားသည့်နေ့ရက်မှ အလုပ်လုပ် ရက် (၁၀)ရက်အတွင်း သွင်းကုန်ထောက်ခံချက်ကို ထုတ်ပေးမည်။ တင်ပြချက်ပြည့်စုံသော ရက်ကိုသာ ပထမရက်အဖြစ် စတင်ရေတွက်မည်။

**(ခ) ထောက်ခံချက်ငြင်းပယ်ခြင်း**

တင်ပြချက်များ စိစစ်ချက်အရ ငြင်းပယ်ရန် လုံလောက်သောအကြောင်းရှိလျှင် သွင်းကုန် ထောက်ခံချက် ထုတ်ပေးခြင်းငြင်းပယ်မည်။ ငြင်းပယ်ရသည့် အကြောင်းအရင်းကို ဖော်ပြမည်။ ငြင်းပယ်မည့် အခြေခံ အကြောင်းအရင်းများသည်

(ခ-၁) တင်ပြအထောက်အထား ခိုင်လုံစစ်မှန်မှုမရှိခြင်း (Invalid Documents)
(ဥပမာ - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တင်ပြရန်သတ်မှတ် ထားသော အသေးစိတ်သတ်မှတ်ချက်များ/ တင်သွင်းမည့်စားသောက်ကုန်၏ ဓာတ်ခွဲ အဖြေ အထောက်အထားများ စစ်မှန်မှုမရှိကြောင်း (သို့မဟုတ်) အတုဖြစ်ကြောင်း စိစစ်တွေ့ရှိလျှင်)

(ခ-၂) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိခြင်း (Non–Compliance)
(ဥပမာ – တင်သွင်းမည့် စားသောက်ကုန်အတွက် သက်ဆိုင်ရာနိုင်ငံရှိ အစားအသောက် ဘေးကင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်း (သို့မဟုတ်) အသိအမှတ်ပြု အဖွဲ့အစည်းက ထုတ်ပေးထားသော ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်ဆိုင်ရာ ထောက်ခံချက်များ၏ သက်တမ်းသည် တင်ပြစဉ်ကပင် သက်တမ်းကုန်ဆုံးနေလျှင်)

(ခ-၃) ပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များ လိုက်နာမှုမရှိခြင်း (သို့မဟုတ်) တစ်နည်း နည်းဖြင့် ချိုးဖောက်ခြင်း (Violation)

(ဂ) **ဆိုင်းငံ့ခြင်း**

တင်ပြအချက်အလက် အထောက်အထားများ မှန်ကန်မှုအတွက် ထပ်မံအတည်ပြုရန် လိုအပ်ခြင်း၊ အစားအသောက်ဘေးကင်းရေးအတွက် သက်ဆိုင်ရာ တင်ပို့သည့်နိုင်ငံ၏ ပြည်တွင်းတွင်ဖြစ်စေ၊ အခြားပြည်ပနိုင်ငံတစ်ခုခုတွင်ဖြစ်စေ အစားအသောက် ဘေးကင်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးခံနေရခြင်း စသည့်အကြောင်းများရှိလျှင် ထောက်ခံချက်အတွက် ဆိုင်းငံ့ထားမည်။ ဆိုင်းငံ့ကာလသည် (၁)လသာဖြစ်ပြီး၊ ယင်းကာလအတွင်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြဖြေရှင်းနိုင်ခြင်းမရှိလျှင် ဆိုင်းငံ့ကာလ(၁)လ ပြည့်သည့် အချိန်မှစ၍ သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းသည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း မှတ်ယူရမည်။

၄။ **ဆက်သွယ်ခြင်း**

ထောက်ခံချက်စိစစ်ထားရှိမှုအခြေအနေကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဝက်ဘ် စာမျက်နှာတွင်ဖော်ပြခြင်း၊ လိုအပ်ပါက လုပ်ငန်းအီးလ်မေးသို့ အကြောင်းကြား၍ အသိပေးခြင်းများ ဆောင်ရွက်မည်။ ယင်းသို့ အဆင်ပြေစွာ မဆောင်ရွက်နိုင်မိဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ၊ လုပ်ငန်းသို့ စာဖြင့်ဆက်သွယ်အကြောင်းကြားရန်လိုအပ်ပါက အမြန်ချောပို့စနစ်ဖြင့်ပေးပို့မည်။ ဦးစီးဌာနမှ ပေးပို့သည့် စာများကို လုပ်ငန်းရှင်က မဖြစ်မနေ ကျခံရွေးယူရမည်။

FDA Web page address – https:// www.fda.gov.mm

FDA food section email – fdafood@mohs.gov.mm

၅။ **သွင်းကုန်ထောက်ခံချက်သက်တမ်း**

သွင်းကုန်ထောက်ခံချက်သက်တမ်းမှာ (၃) နှစ်ဖြစ်သည်။

၆။ **ကုမ္ပဏီ/လုပ်ငန်း၏ အမည် (သို့မဟုတ်) လိပ်စာပြောင်းလဲခြင်းနှင့် ကုမ္ပဏီအချင်းချင်းလွှဲပြောင်းခြင်း**

သွင်းကုန်ထောက်ခံချက်ရရှိထားသည့် ကုမ္ပဏီ/လုပ်ငန်းအနေဖြင့် အမည် (သို့မဟုတ်) လိပ်စာ ဖြစ်စေ၊ ကုမ္ပဏီတစ်ခုမှ အခြားကုမ္ပဏီတစ်ခုသို့ လွှဲပြောင်းရန်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မူလထောက်ခံချက် ရရှိထားသည့် ကုမ္ပဏီကသာ လျှောက်ထားရမည်ဖြစ်ပြီး သက်တမ်းရှိသော ထောက်ခံချက်မူရင်း တင်ပြရမည်။ အဆိုပါထောက်ခံချက်မူရင်း၏ကျောဘက်တွင် တင်ပြလျှောက်ထားသော ပြောင်းလဲလိုသည့်အကြောင်း အရာအလိုက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲ၏ သီးခြား သတ်မှတ်ထားသော ရုံးတံဆိပ် ရိုက်နှိပ်ပေးပြီး ဦးစီးအရာရှိ (တာဝန်ခံ)မှ လက်မှတ်ရေးထိုးပေးမည်

ဖြစ်သည်။ ထောက်ခံချက်သက်တမ်းကုန်ဆုံးရက်သည် မူလထောက်ခံချက်ပါ သက်တမ်းကုန်ဆုံးရက်သာဖြစ်စေရမည်။ စိစစ်ခ ၅၀၀၀၀/- ကျပ် (ကျပ်ငါးသောင်းတိတိ)ကို သတ်မှတ်လမ်းစဉ်အတိုင်း ပေးသွင်းရမည်။ (မှတ်ချက် – ပြောင်းလဲလိုသည့် ကုမ္ပဏီ၏ အမည်၊ လိပ်စာ မှန်ကန်ကြောင်း အထောက်အထား၊ ကုမ္ပဏီတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲကြောင်း အထောက်အထား တင်ပြရမည်။)

## ၇။ သွင်းကုန်ထောက်ခံချက်ပျက်ပြယ်ခြင်း

(က) သွင်းကုန်ထောက်ခံချက်သက်တမ်းကာလအတွင်း လျှောက်ထားချက်ပါ အချက်အလက်များနှင့် တင်ပြချက်များသည် စစ်မှန်မှုမရှိကြောင်းထပ်မံစစ်ဆေး တွေ့ရှိလျှင်

(ခ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းနှင့်ကြော်ငြာချက်ပါ အချက်တစ်ခုခုအား လိုက်နာရန် ပျက်ကွက်လျှင် (သို့မဟုတ်) တစ်နည်းနည်းဖြင့်ချိုးဖောက်လျှင်

(ဂ) တင်သွင်းမည့်စားသောက်ကုန်အတွက် တင်ပြထားသော ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ဆိုင်ရာထောက်ခံချက်လက်မှတ်များ (Certificate of GMP/ HACCP/ ISO 22000 etc.) သည် သက်တမ်းကုန်ဆုံး၍ ထပ်မံသက်တမ်းတိုးထားသော ထောက်ခံချက်ကို ပြန်လည်တင်ပြခြင်း မရှိလျှင်

(ဃ) သွင်းကုန်ထောက်ခံချက်ပေါ်တွင် ဖော်ပြထားသောစားသောက်ကုန်အတွက် ကုမ္ပဏီတစ်ခုခုက တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းခွင့်ရရှိပြီး သွင်းကုန်ထောက်ခံချက် ရယူထားကြောင်း စစ်ဆေးတွေ့ရှိလျှင်

## ၈။ တာဝန်ရှိခြင်း

(က) စားသောက်ကုန်တင်သွင်းသည့်လုပ်ငန်းသည် မိမိတင်သွင်းမည့် စားသောက်ကုန်၏ အစားအသောက်ဘေးကင်းရေးနှင့် အရည်အသွေးပြည့်မီရေးကို သေချာစွာ ကြိုတင်စုံစမ်းစိစစ်ပြီးမှ တင်သွင်းရန် တာဝန်ရှိသည်။

(ခ) တင်သွင်းလိုသည့်စားသောက်ကုန်၏အမှတ်တံဆိပ်ကို နိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရာတွင် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်အောင် ဆောင်ရွက်ရန်တာဝန်ရှိသည်။


(ဂ) မိမိတင်သွင်းသည့် စားသောက်ကုန်နှင့်ပတ်သက်၍ တင်သွင်းခွင့်ကာလ သက်တမ်းအတွင်း အစားအသောက်ဘေးကင်းရေးနှင့် အရည်အသွေးဆိုင်ရာထိခိုက်ခြင်း၊ ပျက်ယွင်းခြင်းတစ်စုံ

တစ်ရာ ပေါ်ပေါက်ကြောင်း သတင်းရရှိလျှင်ဖြစ်စေ၊ သိရှိလျှင်ဖြစ်စေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ တင်သွင်းခွင့်ရကုမ္ပဏီ/လုပ်ငန်းမှ အချိန်နှင့်တပြေးညီ တင်ပြ ရန် တာဝန်ရှိသည်။

(ဃ) စားသောက်ကုန်အမျိုးအစားအလိုက် သီးခြားလိုက်နာရမည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း များအရ ထပ်မံဆောင်ရွက်ရမည့် ကိစ္စရပ်များရှိလျှင် မပျက်မကွက် ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်စိစစ်ခများကိုလည်း ပေးသွင်းရမည်။

# စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## SOP for Application of Import Recommendation (IR)



**စားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ**

၁။ စားသောက်ကုန်တင်သွင်းမည့် ကုမ္ပဏီ၏တရားဝင်ကိုယ်စားလှယ်(သို့မဟုတ်) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုထားသော ဝန်ဆောင်မှုအဖွဲ့အစည်းကသာ လျှောက်ထားရမည်။ စားသောက်ကုန်တင်သွင်းမည့်ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်လွှဲစာ တင်ပြရမည်။

၂။ သွင်းကုန်ထောက်ခံချက်လျှောက်ထားရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်လျှောက်လွှာပုံစံဖြင့် ပြည့်စုံမှန်ကန်စွာဖြည့်သွင်း၍ လျှောက်ထားရမည်။ ရေးသွင်းချက်များ၏ ပြည့်စုံမှန်ကန်မှုကို လျှောက်ထားသည့်လုပ်ငန်းမှ တာဝန်ခံရမည်။

၃။ သွင်းကုန်ထောက်ခံချက်လျှောက်ထားရာတွင် တင်သွင်းလိုသည့် စားသောက်ကုန်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြနိုင်ပါက ယင်းစားသောက်ကုန်အတွက် အဆိုပါတင်ပြနိုင်သူကိုသာ တင်သွင်းခွင့်ပြုသည်။

၄။ တစ်ဦးတည်းကိုယ်စားလှယ်ဖြင့် တင်သွင်းခွင့်ရရှိသည့်စားသောက်ကုန်အတွက် အခြားတင်သွင်းသူမည်သူမျှ ယင်းစားသောက်ကုန်အတွက် သွင်းကုန်ထောက်ခံချက် ထပ်မံလျှောက်ထားခွင့်မရှိ။

၅။ မိမိတင်သွင်းသည့် စားသောက်ကုန်နှင့်ပတ်သက်၍ တင်သွင်းခွင့်ကာလသက်တမ်းအတွင်း အစားအသောက်ဘေးအန္တရာယ်နှင့်အရည်အသွေးဆိုင်ရာထိခိုက်ခြင်း၊ ပျက်ယွင်းခြင်း တစ်စုံတစ်ရာပေါ်ပေါက်ကြောင်း သတင်းရရှိလျှင်ဖြစ်စေ၊ တွေ့ရှိလျှင်ဖြစ်စေ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၆။ တင်သွင်းလိုသည့်စားသောက်ကုန်၏ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အချက်အလက်များအား ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရန် တင်သွင်းသူ၊ ဖြန့်ဖြူးသူတစ်ဦးဦးက တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွင်းကုန်ထောက်ခံချက် လျှောက်ထားရာတွင် မှတ်ချက်ပြုထားသော အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ထားရှိရမည်။

၈။ သွင်းကုန်ထောက်ခံချက်သက်တမ်းကာလအတွင်း တင်သွင်းစားသောက်ကုန်များအားလုံးနှင့် တင်သွင်းသည့်အကြိမ်တိုင်းအတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက်ကို မဖြစ်မနေ လျှောက်ထားရယူရမည်။

၉။ အစားအသောက်အမျိုးအစားအလိုက် သီးခြားလိုက်နာရမည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို မဖြစ်မနေသိရှိလိုက်နာဆောင်ရွက်ရမည်။ (ဥပမာ– နို့စို့ကလေးနှင့်ကလေးငယ်အတွက် ဖော်စပ်

ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်ပါ ပြဋ္ဌာန်းချက်များ၊ ဖြည့်စွက်စာတစ်စာများ – Food Supplement/ Health Supplement/ Dietary Supplement စသည်)

၁၀။ ခံဝန်ကတိပြုခြင်း – အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ၊ ထပ်မံပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်များကိုဖြစ်စေ တသွေမတိမ်း လိုက်နာဆောင်ရွက်မည့်အကြောင်း၊ တင်သွင်းစားသောက်ကုန်ကို အမှန်တကယ်တင်သွင်းလာသည့်အခါ အစားအသောက်ဘေးကင်းရေးကို ထိခိုက်စေနိုင်သော အန္တရာယ်ရှိသည့်အခြေအနေ၊ အထောက်အထားတွေ့ရှိ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်ပါက သတ်မှတ်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ကို စားသောက်ကုန်တင်သွင်းသည့်လုပ်ငန်း တာဝန်ရှိသူက လက်မှတ်ရေးထိုးတင်ပြရမည်။ (ပုံစံ– ၄)

**နောက်ဆက်တွဲ – ၁**

**တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ**

သွင်းကုန်ထောက်ခံချက်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်း၊ အထောက်အထားများကို ပူးတွဲတင်ပြလျှောက်ထားရမည်–

(၁) ဖောင်ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

(၂) တင်သွင်းမည့် စားသောက်ကုန်၏ အသေးစိတ်သတ်မှတ်ချက်များ (specification)

❖ တင်သွင်းမည့်စားသောက်ကုန်၏ အသေးစိတ်သတ်မှတ်ချက်များ(Specification) တင်ပြရမည်ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက တင်သွင်းမည့်စားသောက်ကုန်အတွက် အသိအမှတ်ပြုဓာတ်ခွဲခန်း (Accredited Laboratory) တစ်ခုခုမှ ထုတ်ပေးထားသော ဓာတ်ခွဲအဖြေ (Certificate of Analysis) တင်ပြနိုင်သည်။ ထို့သို့တင်ပြရာတွင် တင်သွင်းမည့် စားသောက်ကုန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တင်ပြရန် သတ်မှတ်ထားသောအချက်အလက်၊ အထောက်အထားများပါဝင်ရမည်။ သတ်မှတ်ချက်များနှင့်လည်း ညီညွတ်မှု ရှိရမည်။ (ပူးတွဲ– ၁)

(၃) တင်သွင်းစားသောက်ကုန်၏ ပါဝင်ပစ္စည်းစာရင်း (Ingredient List)

❖ အမှတ်တံဆိပ်ပေါ်တွင် ပါဝင်ပစ္စည်းဖော်ပြမထားလျှင် ပါဝင်ပစ္စည်းစာရင်းကို တင်ပြ ရမည်။

(၄) တင်သွင်းနိုင်ငံ၏ သက်ဆိုင်ရာအဖွဲ့အစည်းမှစိစစ်ထုတ်ပေးထားသော လက်မှတ်များ (Certificate of GMP/HACCP /ISO 22000 etc.)

❖ တင်သွင်းမည့်စားသောက်ကုန်အတွက် သက်ဆိုင်ရာနိုင်ငံရှိ အစားအသောက်ဘေးကင်းရေးဆိုင်ရာကြီးကြပ်ကွပ်ကဲသည့်အဖွဲ့အစည်း (သို့မဟုတ်) အသိအမှတ်ပြုအဖွဲ့အစည်း၏ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်ဆိုင်ရာထောက်ခံချက်ကို တင်ပြရမည်။ ၎င်းထောက်ခံချက်သည် သွင်းကုန်ထောက်ခံချက်သက်တမ်းအတွင်း သက်တမ်းကုန်ဆုံးလျှင် ထပ်မံသက်တမ်းတိုးထားသောထောက်ခံချက်ကို ပြန်လည်တင်ပြရမည်။

(၅) တင်သွင်းစားသောက်ကုန်အမှတ်တံဆိပ်နမူနာ

❖ တင်သွင်းစားသောက်ကုန်၏မူလအမှတ်တံဆိပ် ( original label)၊

❖ မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုချက်၊

❖ မြန်မာနိုင်ငံဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချမည့် အမှတ်တံဆိပ်နမူနာ၊

- ❖ တစိတ်တပိုင်းပြုပြင်ထားသောအစားအသောက်နှင့် အစားအသောက်ထပ်ဖြည့်ပစ္စည်းများ ဖြစ်ပါက အမှတ်တံဆိပ်အတွက် ပြည့်စုံမှန်ကန်သော အချက်အလက်များ၊
- ❖ အမှတ်တံဆိပ်တွင်ဖော်ပြထားသော အချက်အလက်၊ သင်္ကေတများအတွက် အထောက်အထားများ၊ (မှတ်ချက်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သွင်းကုန်ထောက်ခံချက် ထုတ်ပေးစဉ် ပြင်ဆင်သင့်သည့်အချက်များကို မှတ်ချက်ပြု၍ တစ်ပါတည်းအသိပေးမည်။)

(၆) ထုပ်ပိုးမှုပမာဏများနှင့် ထုပ်ပိုးပစ္စည်းအမျိုးအစားများစာရင်း (Lists of type and size of packaging)

- ❖ ထုပ်ပိုးမှုပမာဏကို ငယ်စဉ်ကြီးလိုက် စာရင်းပြုစုတင်ပြရမည့်အပြင် ထုပ်ပိုးပစ္စည်း အမျိုးအစားများကို ထုပ်ပိုးမှုနှင့်ယှဉ်တွဲ၍ ဖော်ပြရမည်။ တင်ပြသည့် သတ်မှတ်အငယ်ဆုံးအရွယ်အစားမှ သတ်မှတ်အကြီးဆုံးအရွယ်အစားအတွင်း မည်သည့်အရွယ်အစားဖြင့်မဆို တင်သွင်းခြင်းကို ခွင့်ပြုပေးမည်။

ပုံစံ-၁

The Government of the Republic of the Union of Myanmar

Ministry of Health and Sports

Department of Food and Drug Administration

To

Director General

Department of Food and Drug Administration

**အကြောင်းအရာ။** အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက် လျှောက်ထားခြင်း။

အောက်ပါဇယားတွင် သွင်းကုန်ထောက်ခံချက်ဆိုင်ရာ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရမည်။

| No. | Title | Facts (အင်္ဂလိပ်ဘာသာဖြင့်ဖြည့်သွင်းရန်) |
|---|---|---|
| 1 | Importer Name | |
| 2 | Importer Mailing Address | |
| 3 | Name of Food | |
| 4 | Brand Name | |
| 5 | Type and size of packaging | |
| 6 (a) | Manufacturer Name (Company) and Address (Manufacturing Factory Address) | |
| 6 (b) | Packer Name and Address (if any) | |
| 6 (c) | Distributor Name and Address (if any) | |
| 6 (d) | Other than 6 (a), 6 (b), 6 (c) (if any) | |
| 7 | Country of Origin | |
| 8 | First time application – YES ☐<br>NO ☐<br>(If NO, number of approval received) | |
| 9 | Importer Contact Phone and Fax No. | |
| 10 | Importer Email Address | |

ပုံစံ-၁

| | ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ | Check |
|---|---|---|
| 1 | အစားအသောက်၏အသေးစိတ်သတ်မှတ်ချက် (Specification) (တင်ပြနိုင်ခြင်းမရှိပါက အသိအမှတ်ပြု ဓာတ်ခွဲခန်းတစ်ခုခုမှဓာတ်ခွဲအဖြေ- Certificate of Analysis တင်ပြရန်) | |
| 2 | ပါဝင်ပစ္စည်းဖော်ပြချက်(Ingredients) (အမှတ်တံဆိပ်ပေါ်တွင် ပါဝင်ပစ္စည်းဖော်ပြမထားလျှင် တင်ပြရန်) | |
| 3 | တင်သွင်းမည့် အစားအသောက်အား သက်ဆိုင်ရာနိုင်ငံ အစားအသောက်ကြီးကြပ်ကွပ်ကဲသည့်ဌာန/ အသိအမှတ်ပြုအဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက် (GMP / HACCP / ISO 22000 etc.) | |
| 4 | အမှတ်တံဆိပ်နမူနာ<br>(i) မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမည့် အမှတ်တံဆိပ်နမူနာကုန်ကြမ်းနှင့် အစားအသောက်ထပ်ဖြည့်ပစ္စည်းများဖြစ်ပါက အမှတ်တံဆိပ်အတွက် ပြည့်စုံမှန်ကန်သော အချက်အလက်များ | |
| | (ii) မူလအမှတ်တံဆိပ် | |
| | (iii) မြန်မာဘာသာ(သို့) အင်္ဂလိပ်ဘာသာသို့ပြန်ဆိုချက် | |
| | (iv) အမှတ်တံဆိပ်တွင် ဖော်ပြထားသော အချက်အလက်၊ သင်္ကေတများအတွက်အထောက်အထားများ (ဥပမာ- organic, irradiated, GM Food, etc.) | |

အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားပါသည်။

**ဌာနမှဖြည့်သွင်းရန်**

Reference No: ---------------------------

Received Date: ---------------------------

**Checked By:**

Sign ----------------------------------

Name ----------------------------------

Designation ------------------------------

Co., Ltd.
Seal

လျှောက်ထားသူလက်မှတ် ________________________

လျှောက်ထားသူအမည် __________________________

ရာထူး ___________________________

**ပုံစံ- ၄**

| Company Letter Head<br>Company Address and Contact Detail |
|---|

ရက်စွဲ၊.................................

**ခံဝန်ကတိပြုခြင်း**

ကျွန်တော်များ ................................. ကုမ္ပဏီသည် တင်သွင်းစားသောက်ကုန်များနှင့် ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ၊ ထပ်မံပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ တသွေမတိမ်းလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တင်သွင်းစားသောက်ကုန်ကို အမှန်တကယ်တင်သွင်းလာသည့်အခါ အစားအသောက်ဘေးကင်းရေးကို ထိခိုက်စေနိုင်သော အန္တရာယ်ရှိသည့်အခြေအနေနှင့် အထောက်အထားများတွေ့ရှိ၍ ဦးစီးဌာနမှ အရေးယူဆောင်ရွက်လျှင် သတ်မှတ်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါမည်ဖြစ်ကြောင်း ခံဝန်ကတိပြု လက်မှတ်ရေးထိုးအပ်ပါသည်။

လေးစားစွာဖြင့်

Co., Ltd.
Seal

လက်မှတ် ...............................

အမည် .................................

ရာထူး .................................

အထက်ပါခံဝန်ချက်အတွက် အောက်ပါအသိသက်သေများကို အမှူးထား၍ ခံဝန်ကတိလက်မှတ်ရေးထိုးအပ်ပါသည်။

| | | |
|---|---|---|
| လက်မှတ် ...................... | လက်မှတ် ...................... | လက်မှတ် ...................... |
| အမည် ......................... | အမည် ......................... | အမည် ......................... |
| ရာထူး ......................... | ရာထူး ......................... | ရာထူး ......................... |
| လိပ်စာ ......................... | လိပ်စာ ......................... | လိပ်စာ ......................... |
| .................................. | .................................. | .................................. |

**ပူးတွဲ - ၁**

## တင်သွင်းလိုသည့်အစားအသောက်၏ တင်ပြရန်သတ်မှတ်ထားသည့်အသေးစိတ်သတ်မှတ်ချက်များ

- Specifications တွင် Physical, Chemical and Microbiological Parameters များ ပါဝင်ရမည်။
- အောက်ဖော်ပြပါ ဇယား(၁) ရှိ Banned လုပ်ထားသည့် သုံးစွဲခွင့်မပြုထားသော အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များ မပါဝင်ရပါ။

**ဇယား-(၁)**

**Banned List (Food Additives)**

| Unpermitted Food Color | Food Preservatives |
|---|---|
| Sudan II | Formalin |
| Rhodamin B | Borax |
| Auramine O | Sodium Hydrosulphite |
| Orange II | Salicylic Acid |
| Orange III | |

- ဆေးဝါးနှင့် ပေါ်မှန်းစာတ်ကြွင်းများ[1]၊ ပိုးသတ်ဆေးဓာတ်ကြွင်းများ[2] ခွင့်ပြုပမာဏထက် မကျော်လွန်ရပါ ။ (Reference: [1]www.codexalimentarious/mrl-2/2018, [2]www.Fao.org/fao-who-codexalimentarius/codex-texts/dbs/pesters/pesticides/en/)
- ထုပ်ပိုးပစ္စည်းအမျိုးအစားသည် သက်ဆိုင်ရာအစားအသောက်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းအရ ခွင့်ပြုထားသော အမျိုးအစားဖြစ်ရမည်။ (Reference: https://www.ctc-n.org/sites) www.ctc./48788680-e08c-46a8-9aed-4bf31661b3dc.pdf)
- အစားအသောက်အမျိုးအစားအလိုက် ၄င်းတို့၏ Physico- chemical and Microbiological Parameters များနှင့်ပတ်သက်၍ သိရှိလိုပါက Codex Standards (www. codexalimentarius) အား ကိုးကား(Reference) ၍ အသုံးပြုရမည်။
- ဇယား(၂) တွင်ပါရှိသည့် Food Additives များနှင့် ယင်းတို့၏ အစားအသောက်အမယ်အလိုက် အများဆုံးခွင့်ပြုပမာဏထက် မကျော်လွန်ရပါ။

ဇယား- (၂)

## Food Additives in Different Food Categories

### Cyclamate

| Kind of Food | Maximum Level |
|---|---|
| Milk Drink/ Dairy based desserts/ Breakfast cereals/ Alcoholic beverages | 250 mg/kg |
| Carbonated and non–carbonated drinks | 300 mg/kg |
| Energy drinks | 350 mg/kg |
| Fruit and vegetables juice/concentrates/nectar | 400 mg/kg |
| Confectionery/Processed meat/Processed fish and fish products/Sauces and like products | 500 mg/kg |
| Canned or bottled (pasteurized fruit)/Jams, Jellies, Marmalades | 1000 mg/kg |
| Food supplements | 1250 mg/kg |

### Sorbate

| Kind of Food | Maximum Level |
|---|---|
| Wines/Processed meat | 200 mg/kg |
| Energy drinks/ Carbonated and non–carbonated drinks/ Alcoholic beverages/ Dried Fruit | 500 mg/kg |
| Milk Drink/ Dairy based desserts/ Fruit in vinegar, oil or brine/Jams, Jellies, Marmalades, Fermented fruit products/ Herbs, spices, seasonings and condiments/ Soup and broth/ Sauces and like products/ Fruit and vegetables juice, concentrates, nectar/ Wine other than grapes | 1000 mg/kg |
| Confectionery | 1500 mg/kg |
| Noodle and pasta/ Processed fish and fish products/ Food supplements | 2000 mg/kg |

### Benzoate

| Kind of Food | Maximum Level |
|---|---|
| Energy drinks | 250 mg/kg |
| Dairy based desserts | 300 mg/kg |
| Soup and broth | 500 mg/kg |
| Dried Fruit | 800 mg/kg |
| Fruit in vinegar, oil or brine/ Jams, Jellies, Marmalades/ Fermented fruit products/ Noodle and pasta/ Processed meat/ Herbs, spices, seasonings and condiments/ Vinegars/ Sauces and like products/ Fruit and vegetables juice, concentrates, nectar/ Carbonated and non–carbonated drinks/ Wines/ Alcoholic beverages | 1000 mg/kg |

## Aspartame

| Kind of Food | Maximum Level |
|---|---|
| Dairy based desserts | 100 mg/kg |
| Processed fish and fish products | 300 mg/kg |
| Sauces and like products | 350 mg/kg |
| Milk Drink/Fruit and vegetables juice, concentrates, nectar/Energy drinks/ Carbonated and non-carbonated drinks/ Alcoholic beverages | 600 mg/kg |

## Saccharin

| Kind of Food | Maximum Level |
|---|---|
| Milk Drink/Fruit and vegetables juice, concentrates, nectar/ Alcoholic beverages | 80 mg/kg |
| Dairy based desserts/Breakfast cereals | 100 mg/kg |
| Soup and broth | 110 mg/kg |
| Fruit in vinegar, oil or brine/ Fermented fruit products/ Sauces and like products | 160 mg/kg |
| Canned or bottled (pasteurized) fruit/ Jams, Jellies, Marmalades/ Confectionery/ Carbonated and non-carbonated drinks | 200 mg/kg |
| Energy drinks/ Vinegars | 300 mg/kg |
| Confectionery/ Processed meat/ Processed fish and fish products | 500 mg/kg |
| Food supplements | 1200 mg/kg |
| Herbs, spices, seasonings and condiments | 1500 mg/kg |

## Sulfite

| Kind of Food | Maximum Level |
|---|---|
| Noodle and pasta | 20 mg/kg |
| Food supplements/ Fruit and vegetables juice, concentrates, nectar/ Carbonated and non-carbonated drinks | 50 mg/kg |
| Energy drinks | 70 mg/kg |
| Jams, Jellies, Marmalades/ Fermented fruit products/ Vinegars | 100 mg/kg |
| Processed fish and fish products/ Herbs, spices, seasonings and condiments | 150 mg/kg |
| Wines other than grapes | 200 mg/kg |
| Alcoholic beverages | 250 mg/kg |
| Sauces and like products | 300 mg/kg |
| Wines | 350 mg/kg |
| Dried Fruit | 1000 mg/kg |

## Nitrites

| Kind of Food | Maximum Level |
|---|---|
| Processed meat * | 80 mg/kg |

References – General Standard for Food Additives, CODEX STAN 192-1995

# စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

# (Import Health Certificate – SOP)

## ၁။ သက်ဆိုင်ခြင်း

ပြည်တွင်းသို့ တင်သွင်းလိုသည့် အစားအသောက်များ (အသင့်စားသုံးရန် အခြေအနေထိ ပြုပြင်ထားသော အစားအသောက်၊ တစိတ်တပိုင်း ပြုပြင်ထားသော အစားအသောက်၊ အစားအသောက် ထပ်ဖြည့်ပစ္စည်းများ၊ အစားအသောက်ပြုပြင်ထုတ်လုပ်ရာတွင် အသုံးပြုသည့် နည်းပညာအကူပစ္စည်းများ) အားလုံးအတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားရယူရမည်။

တင်သွင်းစားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် စိစစ်ရာတွင် အစားအသောက်ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ခွဲခြမ်းစိတ်ဖြာသည့်စနစ်နှင့်အချက်အလက်ကို အခြေခံသောစိစစ်မှုကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။

## ၂။ သွင်းကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားခြင်း

### (က) လျှောက်ထားနိုင်သည့်နေရာ

အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် လျှောက်ထားရာတွင် အကောက်ခွန်ဦးစီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် နေရာတစ်ခုခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ OGA နံပါတ်တစ်ခုလျှင် အမျိုးအစားတူစားသောက်ကုန်များ စုစည်းလျှောက်ထားရမည်။ အမျိုးအစားတူစားသောက်ကုန်တွင် မျိုးတူစု (Batch Number) ကွဲပြားလျှင် တစ်မည်စီအဖြစ် သတ်မှတ်၍ လျှောက်ထားရမည်။ MACCS စနစ်ဖြင့် လျှောက်ထားခြင်း မဟုတ်သော ပုံမှန်လျှောက်ထားခြင်းကို အကောက်ခွန်ဦးစီးဌာန၏ ရည်ညွှန်းစာနှင့်အတူ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်)၊ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန/ နယ်စပ်အစားအသောက်နှင့်ဆေးဝါးစစ်ဆေးရေးဌာနနှင့် အထူးအခြေအနေများအတွက် မြန်မာ့အထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှုကော်မတီရုံး၊ အလုံးစုံဝန်ဆောင်မှု ပေးသည့်ဌာနတို့တွင် လျှောက်ထားနိုင်သည်။

အစားအသောက်တင်သွင်းသူသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားခြင်းကို တင်သွင်းမည့်စားသောက်ကုန်

အား သဘော်တင်သည့် အချိန်မှစတင်၍ ကြိုတင်လျှောက်ထားခြင်း (သို့မဟုတ်) ဆိပ်ကမ်းရောက်ရှိချိန်တွင် လျှောက်ထားခြင်းကို ဆောင်ရွက်နိုင်သည်။

**(ခ) တင်ပြရမည့်အချက်အလက်များ**

သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားရာတွင် အောက်ပါအချက်များကို မဖြစ်မနေ တင်ပြရမည်။ တင်ပြမှုမပြည့်စုံသော လျှောက်ထားချက်များကို လက်ခံစိစစ်ဆောင်ရွက်မည် မဟုတ်ပါ။

(၁) တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ (နောက်ဆက်တွဲ - ၂)

(၂) စိစစ်ခနှင့် ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီးကြောင်း အထောက်အထား

(၃) တင်သွင်းစားသောက်ကုန်၏ ကိုယ်စားပြုနမူနာတင်ပြခြင်း

**(ဂ) စိစစ်ခနှင့် ဓာတ်ခွဲစစ်ဆေးခပေးသွင်းခြင်း**

တင်သွင်းလိုသည့်စားသောက်ကုန်တစ်မျိုးချင်းအတွက် စိစစ်ခ ၅၀၀၀၀/-ကျပ် (ကျပ်ငါးသောင်းတိတိ)နှင့် ဓာတ်ခွဲစစ်ဆေးခ ၂၀၀၀၀၀/-ကျပ် (ကျပ်နှစ်သိန်းတိတိ)ကို သတ်မှတ်ထားသောဘဏ်တွင် သတ်မှတ်လမ်းစဉ်အတိုင်း ချလန်ဖြင့်ပေးသွင်းရမည်။ ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြရမည်။ နောင်တွင် online စနစ်ဖြင့်ပေးသွင်းစေခြင်း၊ အဖိုးအခနှင့် သတ်မှတ်နှုန်းထားများ ပြောင်းလဲခြင်း အစရှိသည့် ညွှန်ကြားချက်များကို ဦးစီးဌာနမှ ကြော်ငြာပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရမည်။

**(ဃ) တင်သွင်းစားသောက်ကုန်၏ကိုယ်စားပြုနမူနာတင်ပြခြင်း**

တင်သွင်းစားသောက်ကုန်၏ကိုယ်စားပြုနမူနာတင်ပြရာတွင် တင်သွင်းစားသောက်ကုန် အမျိုးအစားနှင့် မျိုးတူစုအလိုက် ပမာဏ ၁၀၀၀ ဂရမ် သို့မဟုတ် အရည်ဖြစ်ပါက ၃ လီတာ၊ Dietary Supplement များ ဖြစ်ပါက အသားတင်အလေးချိန် ၁၅၀ ဂရမ်နှင့် မူရင်းထုပ်ပိုးမှု ၁ ယူနစ်၊ အစားအသောက်ထပ်ဖြည့် ပစ္စည်း များဖြစ်ပါက ၂၀၀ ဂရမ်/၂၀၀ မီလီလီတာ တင်ပြရမည်။ မူလထုပ်ပိုးမှုသည် ၁၀၀၀ ဂရမ်/၃ လီတာ ထက် ကြီးမားသောထုပ်ပိုးမှုဖြစ်ပါက သတ်မှတ်ပမာဏအတိုင်း စားသောက်ကုန်၏မူလအရည်အသွေး ပျက်ယွင်းမှုမရှိစေရန် စနစ်တကျစီမံဆောင်ရွက်ပေးပို့ရမည်။ သတ်မှတ်အပူချိန်တွင် ထားရှိရန်လိုအပ်သည့် စားသောက်ကုန်

များဖြစ်ပါက ယင်းသတ်မှတ်အပူချိန်တွင် ထိန်းသိမ်းထားနိုင်သည့် အခြေအနေဖြင့် စနစ်တကျ ပေးပို့ရမည်။

**၃။ ထောက်ခံချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း**

MACCS စနစ်ဖြင့်လျှောက်ထားခြင်းဖြစ်ပါက MACCS ဖြင့်လျှောက်ထားသည့် OGA ပြေစာ (OGA slip) နှင့် ငွေသွင်းပြီးကြောင်းပြေစာကို ဦးစီးဌာနသို့ တင်ပြသည့်ရက်မှစ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏စိစစ်ခြင်း စတင်ဆောင်ရွက်သည့်ရက်အဖြစ် ရေတွက်မည်။ MACCS စနစ်ဖြင့် လျှောက်ထားခြင်းမဟုတ်သော ပုံမှန်လျှောက်ထားခြင်းများအတွက် တင်ပြလျှောက်ထားချက်များ ပြည့်စုံပြီး ငွေသွင်းပြီးကြောင်း ပြေစာလက်ခံရရှိသည့်နေ့မှ စတင်၍ စိစစ်ခြင်းစတင်ဆောင်ရွက်သည့်ရက်အဖြစ် ရေတွက်မည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် တင်သွင်းစားသောက်ကုန်အတွက် သတ်မှတ်တင်ပြချက်များ၊ သတ်မှတ်ငွေကြေးပမာဏပေးသွင်းပြီးကြောင်း အထောက်အထားနှင့် ကိုယ်စားပြု နမူနာလက်ခံရရှိပြီးလျှင် –

**(က) ထောက်ခံချက်ထုတ်ပေးခြင်း (ကြိုတင်ထုတ်ပေးခြင်း၊ စိစစ်ထုတ်ပေးခြင်း)**

**(က-၁) ကြိုတင်ထုတ်ပေးခြင်း**

တင်သွင်းစားသောက်ကုန်များအတွက် အစားအသောက်ဘေးအန္တရာယ်ဖြစ်နိုင်ခြေခွဲခြမ်းစိတ် ဖြာသည့်စနစ်နှင့် အချက်အလက်အခြေပြုစိစစ်ချက် (Risk based and data based assessment) များအရ အစားအသောက်ဘေးအန္တရာယ် ဖြစ်နိုင်ခြေအနည်းဆုံးအခြေအနေဖြစ်ပါက အကောက်ခွန်ရှင်းလင်းရေး ဆက်လက်ဆောင်ရွက်နိုင်ရန် စိစစ်မှုစတင်ရေတွက်ချိန်မှ စတင်ပြီး အလုပ်လုပ်ရက် (၇)ရက်အတွင်း ခွင့်ပြုချက်ကို ချက်ချင်းဆောင်ရွက်ပေးမည်၊

**(က-၂) စိစစ်ထုတ်ပေးခြင်း**

တင်သွင်းစားသောက်ကုန်များအတွက် ဓာတ်ခွဲစစ်ဆေးချက်အရ သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် အကောက်ခွန်ရှင်းလင်းရေး ဆက်လက်ဆောင်ရွက်နိုင်ရန် စိစစ်မှုစတင်ရေတွက်ချိန်မှ (၂၁) ရက်အတွင်း ခွင့်ပြုချက်ကို ဆက်လက်ဆောင်ရွက်ပေးမည်။

**(ခ) ထောက်ခံချက်ငြင်းပယ်ခြင်း**

တင်ပြချက်များစိစစ်ချက်အရ ငြင်းပယ်ရန်လုံလောက်သောအကြောင်းရှိလျှင် သွင်းကုန်ကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်းကို ငြင်းပယ်မည်။ ငြင်းပယ်မည့်အခြေခံအကြောင်းအရင်းများသည်–

(ခ–၁) တင်ပြအထောက်အထားခိုင်လုံစစ်မှန်မှုမရှိခြင်း (Invalid Documents)

(ခ–၂) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိခြင်း (Non–Compliance) (ဓာတ်ခွဲစစ်ဆေးချက်အဖြေများ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ Certificate of Analysis၊ အမှတ်တံဆိပ်သတ်မှတ်ချက်များ၊ တင်ပြစာရွက်စာတမ်းများ စစ်မှန်မှုမရှိခြင်း)

(ခ–၃) ပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များလိုက်နာမှုမရှိခြင်း(သို့မဟုတ်)တစ်နည်းနည်းဖြင့် ချိုးဖောက်ခြင်း (Violation)

**(ဂ) ဆိုင်းငံ့ခြင်း**

အစားအသောက်ဘေးကင်းရေးဆိုင်ရာ သံသယဖြစ်ဖွယ် ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက သွင်းကုန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းကို ဆိုင်းငံ့မည်။ လိုအပ်ပါက တင်သွင်း စားသောက်ကုန်များအတွက် တင်သွင်း ဆိပ်ကမ်း/ လေဆိပ်/ နယ်စပ်ဝင်ပေါက်စသည်တို့တွင် ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပြီး နမူနာထပ်မံကောက်ယူ ဓာတ်ခွဲစစ်ဆေးခြင်းကိုဆောင်ရွက်မည်။

**၄။ ဆက်သွယ်ခြင်း**

ထောက်ခံချက်စိစစ်ထားရှိမှုအခြေအနေကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဝက်ဘ်စာမျက်နှာတွင်ဖော်ပြခြင်း၊ လိုအပ်ပါက လုပ်ငန်းအီးလ်မေးသို့ အကြောင်းကြား၍ အသိပေးခြင်းများဆောင်ရွက်မည်။ ယင်းသို့ အဆင်ပြေစွာ မဆောင်ရွက်နိုင်မိဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ၊ လုပ်ငန်းသို့ စာဖြင့် ဆက်သွယ်အကြောင်းကြားရန်လိုအပ်ပါက အမြန်ချောပို့စနစ်ဖြင့်ပေးပို့မည်။ ဦးစီးဌာနမှ ပေးပို့သည့်စာများကို လုပ်ငန်းရှင်က မဖြစ်မနေ ကျခံရွေးယူရမည်။

FDA Web page address – https:// www.fda.gov.mm

FDA food section email – fdafood@mohs.gov.mm


## ၅။ တာဝန်ရှိခြင်း

(က) ငြင်းပယ်ခြင်းခံရလျှင် (သို့မဟုတ်) စျေးကွက်ရုတ်သိမ်းရန်ညွှန်ကြားလျှင် ယင်းစားသောက်ကုန်အားလုံးအတွက် ဖျက်ဆီးခြင်း၊ ပြန်လည်ပြုပြင်စေခြင်း၊ တင်သွင်းနိုင်ငံသို့ ပြန်လည်ပေးပို့စေခြင်း အစရှိသည့် ဥပဒေအရသော်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်လမ်းညွှန်သည့်အတိုင်း အစားအသောက်တင်သွင်းသည့်လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ရမည်။ ကုန်ကျစရိတ် အဝဝကိုလည်း စားသောက်ကုန်တင်သွင်းသူမှသာ အလုံးစုံကျခံ ဆောင်ရွက်ရမည်။

(ခ) အစားအသောက်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ထားသည့် အမှတ်တံဆိပ်ဖြင့်သာ စျေးကွက်ဖြန့်ဖြူးရောင်းချရန် တာဝန်ရှိသည်။

# စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## SOP for Application of Import Health Certificate (IHC)



## စားသောက်ကုန်အတွက် သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ

၁။ စားသောက်ကုန်တင်သွင်းမည့်ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်(သို့မဟုတ်) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုထားသော ဝန်ဆောင်မှုအဖွဲ့ကသာ လျှောက်ထားရမည်။ စားသောက်ကုန်တင်သွင်းမည့်ကုမ္ပဏီ၏ တရားဝင် ကိုယ်စားလှယ်လွှဲစာ တင်ပြရမည်။

၂။ သွင်းကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားရန် ဖြည့်စွက်တင်ပြရမည့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာရေးသွင်း၍ လျှောက်ထားရမည်။ ရေးသွင်းချက်များ၏ ပြည့်စုံမှန်ကန်မှုကို လျှောက်ထားသည့်လုပ်ငန်းမှ တာဝန်ခံရမည်။

၃။ စားသောက်ကုန်တင်သွင်းသည့်လုပ်ငန်းသည် မိမိတင်သွင်းမည့် စားသောက်ကုန်၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေးပြည့်မီရေးကို တာဝန်ခံရမည်။ မိမိတင်သွင်းသည့် စားသောက်ကုန်နှင့်ပတ်သက်၍ အစားအသောက်ဘေးကင်းရေးနှင့်အရည်အသွေးဆိုင်ရာ ထိခိုက်ခြင်း၊ ပျက်ယွင်းခြင်း တစ်စုံတစ်ရာပေါ်ပေါက်ကြောင်း သတင်းရရှိလျှင်ဖြစ်စေ၊ တွေ့ရှိလျှင်ဖြစ်စေ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ တင်သွင်းခွင့်ရ ကုမ္ပဏီ/လုပ်ငန်းမှ အချိန်နှင့်တပြေးညီ တင်ပြရမည်။

၄။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သွင်းကုန်ထောက်ခံချက် ထုတ်ပေးစဉ်က မှတ်ချက်ပြုထားသော အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ ပြင်ဆင်သင့်သည့်အချက်များကို ပြန်လည်ပြင်ဆင်ထားရှိရမည်။ စားသောက်ကုန်တင်သွင်းသည့်အခါ တင်သွင်းစားသောက်ကုန်အတွက် ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်သုံးစွဲထားသည့် အမှတ်တံဆိပ်ကို ဖြစ်စေ၊ သုံးစွဲရန်အသင့်ပြင်ဆင်ထားသည့် အမှတ်တံဆိပ်နမူနာကို ပူးတွဲ၍ဖြစ်စေ တင်ပြရမည်။

၅။ သွင်းကုန်ကျန်းမာရေးထောက်ခံချက်ကြိုတင်ထုတ်ပေးထားသည့် စားသောက်ကုန်များအတွက် ဓာတ်ခွဲစစ်ဆေးချက်သည် သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိလျှင် ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းခြင်းကို စားသောက်ကုန်တင်သွင်းသူက ဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ - ၂**

## တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ

သွင်းကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားရာတွင် အောက်ပါ အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(၁) ဖောင်ပုံစံ (၂) ဖြင့် လျှောက်ထားရမည်။

(၂) တင်သွင်းမည့် စားသောက်ကုန်နှင့်သက်ဆိုင်သော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ သက်တမ်းရှိသွင်းကုန်ထောက်ခံချက်၊

(၃) သင်္ဘောတင်အထောက်အထားများ

- တင်သွင်းစားသောက်ကုန်အတွက်ကုန်တင်အထောက်အထား (Bill of lading)
- တင်သွင်းစားသောက်ကုန်အတွက်အမှာစာ (Invoice)
- ကုန်တင်ပြေစာ/ပန်းစာ (Packing list)
- သွင်းကုန်ကြေညာလွှာ (Import Declaration/Release Order Notification)

(၄) တင်သွင်းသည့်စားသောက်ကုန်၏ အသိအမှတ်ပြုဓာတ်ခွဲခန်းတစ်ခုခုမှ ဓာတ်ခွဲစစ်ဆေးချက် (Certificate of analysis)

(၅) တင်ပို့နိုင်ငံမှထုတ်ပေးသည့် ကျန်းမာရေးထောက်ခံချက် (Health Certificate) (ရှိပါက)

(၆) မြန်မာပြည်အတွင်း ဖြန့်ဖြူးရောင်းချမည့် အမှတ်တံဆိပ်နမူနာ

ပုံစံ-၂

**The Government of the Republic of the Union of Myanmar**

**Ministry of Health and Sports**

**Department of Food and Drug Administration**

To

Director General

Department of Food and Drug Administration

**အကြောင်းအရာ။** အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ကျန်းမာရေး ထောက်ခံချက် လျှောက်ထားခြင်း။

အောက်ပါဇယားတွင် သွင်းကုန်ကျန်းမာရေးထောက်ခံချက်ဆိုင်ရာ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရမည်။

| No. | Title | Facts (အင်္ဂလိပ်ဘာသာဖြင့်ဖြည့်သွင်းရန်) |
|---|---|---|
| 1 | HS Code (Myanmar Custom 10 digit code) | |
| 2 | Brand Name | |
| 3 | Name of Food | |
| 4 | Type and size of packaging | |
| 5 | Amount imported | |
| 6 | Date Marking:<br>(a) Manufacturing Date<br>(b) Expired Date<br>(c) Batch No. | |
| 7 (a) | Manufacturer Name (Company) and Address (Manufacturing Factory Address) | |
| 7 (b) | Packer Name and Address (if any) | |
| 7 (c) | Distributor Name and Address (if any) | |
| 7 (d) | Other than 7 (a, b, c) (if any) | |

ပုံစံ-၂

| | | |
|---|---|---|
| 8 | Country of Origin | |
| 9 | Importer Name and Address | |
| 10 | Consignor Name and Address | |
| 11 | Mode of Transport (sea/ air/ border) | |
| 12 | Vessel Name (ship/ air/ vehicle Name or Number) | |
| 13 | Date of Shipment | |
| 14 | Place of Departure | |
| 15 | In–country Warehouse Address | |
| 16 | Number of previous import within IR validity (frequency) | |
| 17 | Total amount of previous import within IR validity | |
| 18 | Importer Contact Phone and Fax No. | |
| 19 | Importer Email Address | |

ပုံစံ-၂

| | ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ | Check |
|---|---|---|
| 1 | တင်သွင်းမည့် စားသောက်ကုန်နှင့် သက်ဆိုင်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သက်တမ်းရှိ သွင်းကုန်ထောက်ခံချက် | |
| 2 | သင်္ဘောတင်အထောက်အထားများ<br>- တင်သွင်းစားသောက်ကုန်အတွက် ကုန်တင်အထောက်အထား (Bill of Lading)<br>- တင်သွင်းစားသောက်ကုန်အတွက် အမှာစာ (Invoice)<br>- ကုန်တင်ပြေစာ/ ပန်းစာ (Packing List)<br>- သွင်းကုန်ကြေညာလွှာ (ID/ Release Order Notification) | |
| 3 | - တင်သွင်းစားသောက်ကုန် ကိုယ်စားပြု ဓာတ်ခွဲစစ်ဆေးချက် (Certificate of Analysis ) နှင့်<br>- တင်သွင်းလာမည့် စားသောက်ကုန်အတွက် သက်ဆိုင်ရာနိုင်ငံ အစားအသောက်ကြီးကြပ်ကွပ်ကဲသည့်ဌာန/ အသိအမှတ်ပြုအဖွဲ့ အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေးထောက်ခံချက် (Health Certificate) (ရှိပါက) | |
| 4 | မြန်မာပြည်အတွင်း ဖြန့်ဖြူးရောင်းချမည့် အမှတ်တံဆိပ်နမူနာ | |

**<u>ဌာနမှဖြည့်သွင်းရန်</u>**

Reference No: ----------------------------

Received Date: ---------------------------

**<u>Checked By:</u>**

Sign ---------------------------------

Name ---------------------------------

Designation ------------------------------

အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားပါသည်။

နမူနာပေးပို့သူလက်မှတ် ______________________________

နမူနာပေးပို့သူအမည် ______________________________

ရာထူး ______________________________

လျှောက်ထားသူလက်မှတ် ______________________________

လျှောက်ထားသူအမည် ______________________________

ရာထူး ______________________________

Co., Ltd.
Seal

ပူးတွဲ - ၁

## တင်သွင်းလိုသည့်အစားအသောက်၏ တင်ပြရန်သတ်မှတ်ထားသည့်အသေးစိတ်သတ်မှတ်ချက်များ

- Specifications တွင် Physical, Chemical and Microbiological Parameters များ ပါဝင်ရမည်။
- အောက်ဖော်ပြပါ ဇယား(၁) ရှိ Banned လုပ်ထားသည့် သုံးစွဲခွင့်မပြုထားသော အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များ မပါဝင်ရပါ။

ဇယား-(၁)

**Banned List (Food Additives)**

| Unpermitted Food Color | Food Preservatives |
|---|---|
| Sudan II | Formalin |
| Rhodamin B | Borax |
| Auramine O | Sodium Hydrosulphite |
| Orange II | Salicylic Acid |
| Orange III | |

- ဆေးဝါးနှင့် ဟော်မုန်းဓာတ်ကြွင်းများ[1]၊ ပိုးသတ်ဆေးဓာတ်ကြွင်းများ[2] ခွင့်ပြုပမာဏထက် မကျော်လွန်ရပါ ။ (Reference: [1]www.codexalimentarious/mrl-2/2018, [2]www.Fao.org/fao-who-codexalimentarius/codex-texts/dbs/pesters/pesticides/en/)
- ထုပ်ပိုးပစ္စည်းအမျိုးအစားသည် သက်ဆိုင်ရာအစားအသောက်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းအရ ခွင့်ပြုထားသော အမျိုးအစားဖြစ်ရမည်။ (Reference: https://www.ctc-n.org/sites) www.ctc./48788680-e08c-46a8-9aed-4bf31661b3dc.pdf)
- အစားအသောက်အမျိုးအစားအလိုက် ၄င်းတို့၏ Physico- chemical and Microbiological Parameters များနှင့်ပတ်သက်၍ သိရှိလိုပါက Codex Standards (www. codexalimentarius) အား ကိုးကား(Reference) ၍ အသုံးပြုရမည်။
- ဇယား(၂) တွင်ပါရှိသည့် Food Additives များနှင့် ယင်းတို့၏ အစားအသောက်အမယ်အလိုက် အများဆုံးခွင့်ပြုပမာဏထက် မကျော်လွန်ရပါ။

ဇယား- (၂)

# Food Additives in Different Food Categories

## Cyclamate

| Kind of Food | Maximum Level |
|---|---|
| Milk Drink/ Dairy based desserts/ Breakfast cereals/ Alcoholic beverages | 250 mg/kg |
| Carbonated and non–carbonated drinks | 300 mg/kg |
| Energy drinks | 350 mg/kg |
| Fruit and vegetables juice/concentrates/nectar | 400 mg/kg |
| Confectionery/Processed meat/Processed fish and fish products/Sauces and like products | 500 mg/kg |
| Canned or bottled (pasteurized fruit)/Jams, Jellies, Marmalades | 1000 mg/kg |
| Food supplements | 1250 mg/kg |

## Sorbate

| Kind of Food | Maximum Level |
|---|---|
| Wines/Processed meat | 200 mg/kg |
| Energy drinks/ Carbonated and non–carbonated drinks/ Alcoholic beverages/ Dried Fruit | 500 mg/kg |
| Milk Drink/ Dairy based desserts/ Fruit in vinegar, oil or brine/Jams, Jellies, Marmalades, Fermented fruit products/ Herbs, spices, seasonings and condiments/ Soup and broth/ Sauces and like products/ Fruit and vegetables juice, concentrates, nectar/ Wine other than grapes | 1000 mg/kg |
| Confectionery | 1500 mg/kg |
| Noodle and pasta/ Processed fish and fish products/ Food supplements | 2000 mg/kg |

## Benzoate

| Kind of Food | Maximum Level |
|---|---|
| Energy drinks | 250 mg/kg |
| Dairy based desserts | 300 mg/kg |
| Soup and broth | 500 mg/kg |
| Dried Fruit | 800 mg/kg |
| Fruit in vinegar, oil or brine/ Jams, Jellies, Marmalades/ Fermented fruit products/ Noodle and pasta/ Processed meat/ Herbs, spices, seasonings and condiments/ Vinegars/ Sauces and like products/ Fruit and vegetables juice, concentrates, nectar/ Carbonated and non–carbonated drinks/ Wines/ Alcoholic beverages | 1000 mg/kg |

## Aspartame

| Kind of Food | Maximum Level |
|---|---|
| Dairy based desserts | 100 mg/kg |
| Processed fish and fish products | 300 mg/kg |
| Sauces and like products | 350 mg/kg |
| Milk Drink/Fruit and vegetables juice, concentrates, nectar/Energy drinks/ Carbonated and non–carbonated drinks/ Alcoholic beverages | 600 mg/kg |

## Saccharin

| Kind of Food | Maximum Level |
|---|---|
| Milk Drink/Fruit and vegetables juice, concentrates, nectar/ Alcoholic beverages | 80 mg/kg |
| Dairy based desserts/Breakfast cereals | 100 mg/kg |
| Soup and broth | 110 mg/kg |
| Fruit in vinegar, oil or brine/ Fermented fruit products/ Sauces and like products | 160 mg/kg |
| Canned or bottled (pasteurized) fruit/ Jams, Jellies, Marmalades/ Confectionery/ Carbonated and non–carbonated drinks | 200 mg/kg |
| Energy drinks/ Vinegars | 300 mg/kg |
| Confectionery/ Processed meat/ Processed fish and fish products | 500 mg/kg |
| Food supplements | 1200 mg/kg |
| Herbs, spices, seasonings and condiments | 1500 mg/kg |

## Sulfite

| Kind of Food | Maximum Level |
|---|---|
| Noodle and pasta | 20 mg/kg |
| Food supplements/ Fruit and vegetables juice, concentrates, nectar/ Carbonated and non–carbonated drinks | 50 mg/kg |
| Energy drinks | 70 mg/kg |
| Jams, Jellies, Marmalades/ Fermented fruit products/ Vinegars | 100 mg/kg |
| Processed fish and fish products/ Herbs, spices, seasonings and condiments | 150 mg/kg |
| Wines other than grapes | 200 mg/kg |
| Alcoholic beverages | 250 mg/kg |
| Sauces and like products | 300 mg/kg |
| Wines | 350 mg/kg |
| Dried Fruit | 1000 mg/kg |

## Nitrites

| Kind of Food | Maximum Level |
|---|---|
| Processed meat * | 80 mg/kg |

References – General Standard for Food Additives, CODEX STAN 192–1995

# စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## (Export Health Certificate – SOP)

## ၁။ သက်ဆိုင်ခြင်း

ပို့ကုန်ကျန်းမာရေးထောက်ခံချက် ရယူရန်လိုအပ်သော တင်ပို့စားသောက်ကုန်များအတွက် လျှောက်ထားရယူရမည်။

## ၂။ ပို့ကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားခြင်း

### (က) လျှောက်ထားနိုင်သည့်နေရာ

ပို့ကုန်ကျန်းမာရေးထောက်ခံချက်ကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်)၊ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန/ နယ်စပ်အစားအသောက်နှင့်ဆေးဝါးစစ်ဆေးရေးဌာနတို့တွင် လျှောက်ထားနိုင်သည်။

### (ခ) တင်ပြရမည့်အချက်အလက်များ

**ပို့ကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားရာတွင် အောက်ပါအချက်များကို မဖြစ်မနေ တင်ပြရမည်။ တင်ပြမှုမပြည့်စုံသော လျှောက်ထားချက်များကို လက်ခံစိစစ်ဆောင်ရွက်မည် မဟုတ်ပါ။**

(၁) တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ (နောက်ဆက်တွဲ – ၃)

(၂) စိစစ်ခနှင့် ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီးကြောင်း အထောက်အထား

(၃) တင်ပို့စားသောက်ကုန်၏ ကိုယ်စားပြုနမူနာတင်ပြခြင်း

### (ဂ) စိစစ်ခနှင့် ဓာတ်ခွဲစိစစ်ဆေးခပေးသွင်းခြင်း

တင်ပို့လိုသည့်စားသောက်ကုန်တစ်မျိုးချင်းအတွက် စိစစ်ခ ၅၀၀၀၀/– ကျပ် (ကျပ်ငါးသောင်းတိတိ)နှင့် ဓာတ်ခွဲစစ်ဆေးခ ၂၀၀၀၀၀/–ကျပ် (ကျပ်နှစ်သိန်းတိတိ) ကို သတ်မှတ်ထားသော ဘဏ်တွင် သတ်မှတ်လမ်းစဉ်အတိုင်း ချလန်ဖြင့်ပေးသွင်းရမည်။ ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြရမည်။ နောင်တွင် online စနစ်ဖြင့်ပေးသွင်းစေခြင်း၊ အဖိုးအခနှင့် သတ်မှတ်နှုန်းထားများ ပြောင်းလဲခြင်းအစရှိသည့် ညွှန်ကြားချက်များကို ဦးစီးဌာနမှ ကြော်ငြာပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရမည်။

**(ဃ) တင်ပို့စားသောက်ကုန်၏ကိုယ်စားပြုနမူနာတင်ပြခြင်း**

တင်ပို့စားသောက်ကုန်၏ကိုယ်စားပြုနမူနာတင်ပြရာတွင် တင်ပို့စားသောက်ကုန် အမျိုးအစားနှင့် မျိုးတူစုအလိုက် ပမာဏ ၁၀၀၀ ဂရမ် သို့မဟုတ် အရည်ဖြစ်ပါက ၃ လီတာ၊ Dietary Supplement များ ဖြစ်ပါက အသားတင်အလေးချိန် ၁၅၀ ဂရမ်နှင့် မူရင်းထုပ်ပိုးမှု ၁ ယူနစ်၊ အစားအသောက်ထပ်ဖြည့် ပစ္စည်း များဖြစ်ပါက ၂၀၀ ဂရမ်/၂၀၀ မီလီလီတာ တင်ပြရမည်။ မူလထုပ်ပိုးမှုသည် ၁၀၀၀ ဂရမ်/၃ လီတာ ထက် ကြီးမားသောထုပ်ပိုးမှုဖြစ်ပါက သတ်မှတ်ပမာဏအတိုင်း စားသောက်ကုန်၏မူလအရည်အသွေး ပျက်ယွင်းမှုမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးပို့ရမည်။ သတ်မှတ်အပူချိန်တွင် ထားရှိရန်လိုအပ်သည့် စားသောက်ကုန်များဖြစ်ပါက ယင်းသတ်မှတ်အပူချိန်တွင် ထိန်းသိမ်းထားနိုင်သည့် အခြေအနေဖြင့် စနစ်တကျ ပေးပို့ရမည်။

**၃။ ထောက်ခံချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် တင်ပို့စားသောက်ကုန်အတွက် သတ်မှတ်တင်ပြချက်များ၊ သတ်မှတ်ငွေကြေးပမာဏ ပေးသွင်းပြီးကြောင်း အထောက်အထားနှင့် ကိုယ်စားပြုနမူနာလက်ခံရရှိပြီးလျှင် -

**(က) ထောက်ခံချက်ထုတ်ပေးခြင်း (ကြိုတင်ထုတ်ပေးခြင်း၊ စိစစ်ထုတ်ပေးခြင်း)**

**(က-၁) ကြိုတင်ထုတ်ပေးခြင်း**

တင်ပို့စားသောက်ကုန်များအတွက် စိစစ်မှုစတင်ရေတွက်ချိန်မှ စတင်ပြီး အလုပ်လုပ်ရက် (၅)ရက်အတွင်း ခွင့်ပြုချက်ကို ချက်ချင်းဆောင်ရွက်ပေးမည်၊

**(က-၂) စိစစ်ထုတ်ပေးခြင်း**

တင်ပို့စားသောက်ကုန်များအတွက် ဓာတ်ခွဲစစ်ဆေးချက်အရ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် စိစစ်မှုစတင် ရေတွက်ချိန်မှ(၂၁)ရက်အတွင်း ခွင့်ပြုချက်ကို ဆက်လက်ဆောင်ရွက်ပေးမည်၊

**(ခ) ထောက်ခံချက်ငြင်းပယ်ခြင်း**

တင်ပြချက်များစိစစ်ချက်အရ ငြင်းပယ်ရန်လုံလောက်သောအကြောင်းရှိလျှင် ပို့ကုန်ကျန်းမာရေးထောက်ခံချက်ထုတ်ပေးခြင်းကို ငြင်းပယ်မည်။ ငြင်းပယ်မည့်အခြေခံအကြောင်းအရင်းများသည် -

(ခ-၁) တင်ပြအထောက်အထားခိုင်လုံစစ်မှန်မှုမရှိခြင်း (Invalid Documents)

(ခ-၂) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိခြင်း (Non-Compliance)
(ခတ်ခွဲစစ်ဆေးချက်အဖြေများ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ တင်ပြစာရွက်စာတမ်းများ စစ်မှန်မှု မရှိခြင်း)

(ခ-၃) ပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များလိုက်နာမှုမရှိခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် ချိုးဖောက်ခြင်း (Violation)

**(ဂ) ဆိုင်းငံ့ခြင်း**

အစားအသောက်ဘေးကင်းရေးဆိုင်ရာ သံသယဖြစ်ဖွယ် ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက ပို့ကုန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းကို ဆိုင်းငံ့မည်။ လိုအပ်ပါက တင်ပို့စားသောက်ကုန်များအတွက် ထုတ်လုပ်သည့်လုပ်ငန်းနေရာ/ တင်ပို့ဆိပ်ကမ်း/ လေဆိပ်/ နယ်စပ်ဝင်ပေါက် စသည်တို့တွင် ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပြီး နမူနာထပ်မံကောက်ယူ ဓာတ်ခွဲစစ်ဆေးခြင်းကို ဆောင်ရွက်မည်။

## ၄။ ဆက်သွယ်ခြင်း


ထောက်ခံချက်စိစစ်ထားရှိမှုအခြေအနေကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဝက်ဘ်စာမျက်နှာတွင်ဖော်ပြခြင်း၊ လိုအပ်ပါက လုပ်ငန်းအီးလ်မေးသို့ အကြောင်းကြား၍ အသိပေးခြင်းများဆောင်ရွက်မည်။ ယင်းသို့ အဆင်ပြေစွာ မဆောင်ရွက်နိုင်မီဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ၊ လုပ်ငန်းသို့စာဖြင့်ဆက်သွယ်အကြောင်းကြားရန်လိုအပ်ပါက အမြန်ချောပို့စနစ်ဖြင့်ပေးပို့မည်။ ဦးစီးဌာနမှ ပေးပို့သည့်စာများကို လုပ်ငန်းရှင်က မဖြစ်မနေကျခံရွေးယူရမည်။

FDA Web page address – https:// www.fda.gov.mm

FDA food section email – fdafood@mohs.gov.mm

# စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

## SOP for Application of Export Health Certificate (EHC)



# စားသောက်ကုန်အတွက် ပို့ကုန်ကျန်းမာရေးထောက်ခံချက် လျှောက်ထားခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ

၁။ စားသောက်ကုန်တင်ပို့မည့်ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်(သို့မဟုတ်) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုထားသော ဝန်ဆောင်မှုအဖွဲ့ကသာ လျှောက်ထားရမည်။ စားသောက်ကုန်တင်ပို့မည့်ကုမ္ပဏီ၏ တရားဝင် ကိုယ်စားလှယ်လွှဲစာ တင်ပြရမည်။

၂။ ပို့ကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားရန် ဖြည့်စွက်တင်ပြရမည့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာရေးသွင်း၍ လျှောက်ထားရမည်။ ရေးသွင်းချက်များ၏ ပြည့်စုံမှန်ကန်မှုကို လျှောက်ထားသည့်လုပ်ငန်းမှ တာဝန်ခံရမည်။

၃။ စားသောက်ကုန်တင်ပို့သည့်လုပ်ငန်းသည် မိမိတင်ပို့မည့် စားသောက်ကုန်၏ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေးပြည့်မီရေးကို တာဝန်ခံရမည်။ မိမိတင်ပို့သည့် စားသောက်ကုန်နှင့်ပတ်သက်၍ အစားအသောက်ဘေးကင်းရေးနှင့်အရည်အသွေးဆိုင်ရာ ထိခိုက်ခြင်း၊ ပျက်ယွင်းခြင်းအကြောင်း တစ်စုံတစ်ရာကြောင့် ငြင်းပယ်ခံရလျှင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ တင်ပို့ခွင့်ရ ကုမ္ပဏီ/လုပ်ငန်းမှ အချိန်နှင့်တပြေးညီ တင်ပြရမည်။

နောက်ဆက်တွဲ - ၃

**တင်ပြရန်သတ်မှတ်ထားသော အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများ**

ပို့ကုန်ကျန်းမာရေးထောက်ခံချက်လျှောက်ထားရာတွင် အောက်ပါ အချက်အလက်၊ စာရွက်စာတမ်း၊ အထောက်အထားများကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(၁) ဖောင်ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

(၂) သဘော်ာတင်အထောက်အထားများ (ဝယ်ယူမည့်နိုင်ငံမှ တောင်းခံသည့် အသေးစိတ် သတ်မှတ်ချက်များနှင့် ပတ်သက်သော အချက်အလက်များ – Buyer’s Specification)

(၃) တစ်ဖက်နိုင်ငံသို့ တင်ပို့မည့်အမှတ်တံဆိပ်နမူနာ

ပုံစံ-၃

The Government of the Republic of the Union of Myanmar

Ministry of Health and Sports

Department of Food and Drug Administration

To

Director General

Department of Food and Drug Administration

**အကြောင်းအရာ။** အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ပို့ကုန်ကျန်းမာရေး ထောက်ခံချက် လျှောက်ထားခြင်း။

အောက်ပါဇယားတွင် ပို့ကုန်ကျန်းမာရေးထောက်ခံချက်ဆိုင်ရာ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရမည်။

| No. | Title | Facts (အင်္ဂလိပ်ဘာသာဖြင့်ဖြည့်သွင်းရန်) |
|---|---|---|
| 1 | Name of Food | |
| 2 | Brand Name | |
| 3 | Type and size of packaging | |
| 4 | Amount to Export | |
| 5 | Date Marking:<br>(d) Manufacturing Date<br>(e) Expired Date<br>(f) Batch No. | |
| 6 | Manufacturer Name (Company) and Address (Manufacturing Factory Address) | |
| 7 | Exporter Name and Address | |
| 8 | Country of Destination | |
| 9 | Exporter Contact Phone and Fax No. | |
| 10 | Exporter Email Address | |

IR IHC ER EHC- SOP 1/2/2020 2:07 PM

ပုံစံ-၃

| | ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ | Check |
|---|---|---|
| 1 | သဘော်တင်အထောက်အထားများ<br>– (ဝယ်ယူမည့်နိုင်ငံမှ တောင်းခံသည့် အသေးစိတ် သတ်မှတ်ချက်များ နှင့်ပတ်သက်သော အချက်အလက်များ – Buyer's Specification) | |
| 2 | တစ်ဖက်နိုင်ငံသို့ တင်ပို့မည့်အမှတ်တံဆိပ်နမူနာ | |

**<u>ဌာနမှဖြည့်သွင်းရန်</u>**

Reference No: ----------------------------

Received Date: ---------------------------

**<u>Checked By:</u>**

Sign ----------------------------------

Name ----------------------------------

Designation ------------------------------

အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားပါသည်။

နမူနာပေးပို့သူလက်မှတ် ______________________________

နမူနာပေးပို့သူအမည် ______________________________

ရာထူး ______________________________

လျှောက်ထားသူလက်မှတ် ______________________________

လျှောက်ထားသူအမည် ______________________________

ရာထူး ______________________________

Co., Ltd.
Seal

## အထူးအခြေအနေများအတွက် လုပ်ထုံးလုပ်နည်း

**(က) မြန်မာအထူးစီးပွားရေးဇုန်၏ ကင်းလွတ်ဇုန်အတွင်းရှိလုပ်ငန်းများအတွက် သီးခြားဖြေလျှော့ ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း**

**၁။ အထူးကိုယ်စားလှယ်သတ်မှတ်ခြင်း**

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ (၂၂)အရ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အထူးကိုယ်စားလှယ်တစ်ဦး ထားရှိမည်။ (အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းတို့နှင့် သက်ဆိုင်သည့်ကူးစက်ရောဂါကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်)

**၂။ ကွင်းဆင်းစစ်ဆေးခြင်း (Inspection)**

(က) မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေပုဒ်မ(၂၀၅)အရ တာဝန်ခံအကောက်ခွန်အရာရှိက ကူးစက်ရောဂါများစစ်ဆေးရန် အကြောင်းကြားသည့်အခါ ကုန်ကြမ်းကိုဖြစ်စေ၊ နည်းပညာအကူပစ္စည်းများကိုဖြစ်စေ၊ ထုတ်ကုန်ကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သူများကိုဖြစ်စေ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တည်ဆဲလုပ်ထုံးလုပ်နည်းနှင့်အညီ (Pre–border Assessment)အဖြစ် စစ်ဆေးပေးမည်။ လုပ်ငန်းခွင် စက်ရုံတစ်ခုကို GMP/ HACCP နှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့်ပတ်သက်၍ 3rd party အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ စစ်ဆေးခြင်းနှင့် ယင်းတို့၏ လက်မှတ်များတင်ပြခြင်းကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက လက်ခံပေးမည်။

(ခ) ကွင်းဆင်းစစ်ဆေးမှုအရ တွေ့ရှိရသည့် လုပ်ငန်း၏ GMP/ HACCP ကောင်းမွန်မှုပေါ်မူတည်၍ ထပ်မံစစ်ဆေးခြင်း (Re–inspection) ဆောင်ရွက်မည့်ကာလကို သတ်မှတ်ကြေညာပေးမည်။ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ရှိ ဓာတ်ခွဲခန်းတွင်ဖြစ်စေ၊ အနီးဆုံးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဓာတ်ခွဲခန်းတွင်ဖြစ်စေ ၊ Accreditated lab တစ်ခုခုတွင်ဖြစ်စေ စစ်ဆေးနိုင်ရန် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်စေရမည်။ ဓာတ်ခွဲစစ်ဆေးခ ကျသင့်ငွေနှင့် နမူနာပေးပို့ခြင်းကို စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ပေးရမည်။

## ၃။ ကြီးကြပ်ဆန်းစစ်ခြင်း (Monitoring)

မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေ အပိုဒ်(၂၀၆) အရ တာဝန်ကျကိုယ်စားလှယ်သည် မြန်မာအထူးစီးပွားရေးဇုန်ဧရိယာအတွင်းရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စပ်ဆိုင်သည့် လုပ်ငန်းများအတွက် ကြီးကြပ်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်စစ်ဆေးမှု မှတ်တမ်းများ တောင်းယူကြည့်ရှုခြင်း၊ လိုအပ်သည်များ ညွှန်ကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုများ စိစစ်ခြင်းတို့ကို အချိန်ဇယားရေးဆွဲဆောင်ရွက်ရမည်။

## ၄။ အထူးစစ်ဆေးရေးအဖွဲ့ (Expert team)

မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေအပိုဒ်(၂၀၇)အရ စီမံခန့်ခွဲမှုကော်မတီသည်အသေးစိတ် စစ်ဆေးရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနသို့ ညှိနှိုင်းလာလျှင် သက်ဆိုင်ရာကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ကို စေလွှတ်၍ စစ်ဆေးမှု လုပ်ငန်းများဆောင်ရွက်ပေးမည်။

## ၅။ အရေးယူဆောင်ရွက်ခြင်း

မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေအပိုဒ်(၂၀၈)အရ စစ်ဆေးတွေ့ရှိချက်အရ အရေးယူ ဆောင်ရွက်ရန် လိုအပ်ပါက ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနသို့တင်ပြ၍ ဆောင်ရွက်မည်။

## ၆။ ထုတ်လုပ်ခြင်းထောက်ခံချက်

ထုတ်လုပ်ခြင်း ထောက်ခံချက်သီးခြားရယူရန်မလိုပါ။

## ၇။ သွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေးထောက်ခံချက်

(က) မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေအပိုဒ်(၁၉၁)(က)အရ ပြည်တွင်းအကောက်ခွန် နယ်မြေမှ ဝယ်ယူသူသည် သွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေး ထောက်ခံချက်ကို ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေအပိုဒ်(၁၉၁)(ခ)အရ မြန်မာအထူးစီးပွားရေးဇုန် လုပ်ငန်းရှင်မှဝယ်ယူသူကိုယ်စား သွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေးထောက်ခံချက် တင်ပြလာလျှင် လက်ခံဆောင်ရွက်ပေးမည်။

(ဂ) အခြေခံမူအရ တည်ဆဲသွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေးထောက်ခံချက်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း လျင်မြန်သွက်လက်လွယ်ကူစေရန်အတွက် အစား

အသောက်၏ ဘေးအန္တရာယ်ရှိမှုအခြေအနေ၊ ဥပဒေစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုရှိခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု အစဉ်အလာရှိခြင်းများအရ ရံဖန်ရံခါ စစ်ဆေးခြင်း (periodically checking) စနစ်ဖြင့် ဆောင်ရွက်ပေးမည်။

(ဃ) သွင်းကုန်ကျန်းမာရေးထောက်ခံချက်ကို ကာလအပိုင်းအခြားဖြင့်ခွင့်ပြုခြင်းကို တင်သွင်းသည့် အကြိမ်ရေ၊ စားသောက်ကုန်၏ ဝိသေသလက္ခဏာတို့ဖြင့် ချိန်ညှိ၍ ဘေးအန္တရာယ်ကင်းရှင်းမှုကို မထိခိုက်စေဘဲ ဖြေလျှော့ဆောင်ရွက်ပေးမည်။

**(ခ) မြန်မာအထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းမြှင့်တင်ရေးဇုန်များရှိ လုပ်ငန်းများအတွက် ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း**

**၁။ အထူးကိုယ်စားလှယ်သတ်မှတ်ခြင်း**

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ (၂၂)အရ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အထူးကိုယ်စားလှယ်တစ်ဦး ထားရှိမည်။ (အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းတို့နှင့် သက်ဆိုင်သည့်ကူးစက်ရောဂါကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်)

**၂။ ကွင်းဆင်းစစ်ဆေးခြင်း (Inspection)**

(က) မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေပုဒ်မ(၂၀၅)အရ တာဝန်ခံအကောက်ခွန်အရာရှိက ကူးစက်ရောဂါများစစ်ဆေးရန် အကြောင်းကြားသည့်အခါ ကုန်ကြမ်းကိုဖြစ်စေ၊ နည်းပညာအကူပစ္စည်းများကိုဖြစ်စေ၊ ထုတ်ကုန်ကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သူများကိုဖြစ်စေ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် စိစစ်ခြင်းဆိုင်ရာ တည်ဆဲလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးပေးမည်။

(ခ) ကွင်းဆင်းစစ်ဆေးမှုအရ တွေ့ရှိရသည့် လုပ်ငန်း၏ GMP/ HACCP ကောင်းမွန်မှုပေါ်မူတည်၍ ထပ်မံစစ်ဆေးခြင်း (Re-inspection) ဆောင်ရွက်မည့်ကာလကို သတ်မှတ်ကြေညာပေးမည်။ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ရှိ ဓာတ်ခွဲခန်းတွင်ဖြစ်စေ၊ အနီးဆုံးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဓာတ်ခွဲခန်းတွင်ဖြစ်စေ ၊ Accreditated lab တစ်ခုခုတွင်ဖြစ်စေ စစ်ဆေးနိုင်ရန် စီမံ

ခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်စေရမည်။ ဓာတ်ခွဲစစ်ဆေးခ ကျသင့်ငွေနှင့် နမူနာပေးပို့ခြင်းကို စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ပေးရမည်။

**၃။ ကြီးကြပ်ဆန်းစစ်ခြင်း (Monitoring)**

မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေ အပိုဒ်(၂၀၆) အရ တာဝန်ကျကိုယ်စားလှယ်သည် မြန်မာအထူးစီးပွားရေးဇုန်ဧရိယာအတွင်းရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စပ်ဆိုင်သည့် လုပ်ငန်းများအတွက် ကြီးကြပ်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်စစ်ဆေးမှု မှတ်တမ်းများ တောင်းယူကြည့်ရှုခြင်း၊ လိုအပ်သည်များ ညွှန်ကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုများ စိစစ်ခြင်းတို့ကို အချိန်ဇယားရေးဆွဲဆောင်ရွက်ရမည်။

**၄။ အထူးစစ်ဆေးရေးအဖွဲ့ (Expert team)**

မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေအပိုဒ်(၂၀၇)အရ စီမံခန့်ခွဲမှုကော်မတီသည်အသေးစိတ် စစ်ဆေးရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနသို့ ညှိနှိုင်းလာလျှင် သက်ဆိုင်ရာကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ကို စေလွှတ်၍ စစ်ဆေးမှု လုပ်ငန်းများဆောင်ရွက်ပေးမည်။

**၅။ အရေးယူဆောင်ရွက်ခြင်း**

မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေအပိုဒ်(၂၀၈)အရ စစ်ဆေးတွေ့ရှိချက်အရ အရေးယူ ဆောင်ရွက်ရန် လိုအပ်ပါက ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနသို့တင်ပြ၍ ဆောင်ရွက်မည်။

**၆။ ထုတ်လုပ်ခြင်းထောက်ခံချက်**

ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားရယူရမည်။

**၇။ သွင်းကုန်ထောက်ခံချက်၊ သွင်းကုန်/ပို့ကုန်ကျန်းမာရေးထောက်ခံချက်**

လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လုပ်ငန်းများသည် သွင်းကုန်ထောက်ခံချက်၊ သွင်းကုန်/ ပို့ကုန် ကျန်းမာရေးထောက်ခံချက်ကို စားသောက်ကုန်အတွက် သွင်းကုန်/ပို့ကုန်ဆိုင်ရာ စစ်ဆေးစိစစ်ခြင်း လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်။

## (ဂ) နယ်စပ်ကုန်သွယ်ရေးအတွက် ဆောင်ရွက်မည့်လုပ်ထုံးလုပ်နည်း

### ၁။ ပုံမှန်နယ်စပ်ကုန်သွယ်ရေး

(က) ပုံမှန်နယ်စပ်ကုန်သွယ်ရေးအတွက်ယေဘုယျအားဖြင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်မည်။

(ခ) အစားအသောက်ဘေးအန္တရာယ်အခြေပြုစိစစ်ခြင်း (Risk based approach)၊ စားသောက်ကုန်တင်သွင်းသူမှ သတ်မှတ် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်မှု(Importer Compliance)၊ တင်သွင်းပမာဏ (Imported Amount) နှင့် အခြားအချက်အလက်များကို စိစစ်ချက်အရ သွင်းကုန်ကျန်းမာရေး ထောက်ခံချက်(IHC) လျှောက်ထားခြင်းကို ရံဖန်ရံခါစစ်ဆေးခြင်း (Periodically Checking) (သို့မဟုတ်)ကာလအပိုင်းအခြားဖြင့်အပတ်စဉ် (သို့မဟုတ်)လစဉ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### ၂။ နယ်စပ်မြို့များအတွက် တင်သွင်းစားသောက်ကုန်များ

နယ်စပ်မြို့များတွင်သာ ပြင်ဆင်တည်ခင်းရောင်းချမည့် အစားအသောက်နှင့် ကုန်ကြမ်းပစ္စည်းများကို ရံဖန်ရံခါစစ်ဆေးခြင်း (Periodically checking) ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဓာတ်ခွဲစစ်ဆေးခနှင့် စိစစ်ခကို သတ်မှတ်လမ်းစဉ်နှင့်အညီပေးသွင်းရမည်။

### ၃။ လက်လီ/လက်ကားရောင်းချသူများထံမှ ဝယ်ယူတင်သွင်းခြင်း

ထုတ်လုပ်သည့်စက်ရုံမှ တိုက်ရိုက်မှာယူခြင်းမဟုတ်ဘဲ လက်လီ/လက်ကားရောင်းချသူများထံမှ တစ်ဆင့်ဝယ်ယူရောင်းချသည့် တင်သွင်းသူများအတွက် သက်ဆိုင်ရာနိုင်ငံ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဌာန/အဖွဲ့အစည်းတစ်ခုခုမှ အသိအမှတ်ပြုကင်းလွတ်ခွင့်ပြုထားသော အစားအသောက်ဖြစ်ပါက လျင်မြန်စွာဆောင်ရွက်ပေးမည်။ ထိုသို့ဆောင်ရွက်ရာတွင် အစားအသောက်ဘေးကင်းရေး လိုအပ်ချက်အရ စားသောက်ကုန်တင်သွင်းသူသည် လိုအပ်သော သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (သို့) ဌာနအဖွဲ့အစည်း၏ အထောက်အထားများကို တင်ပြနိုင်ရမည်။ တင်သွင်းသော အစားအသောက်အမျိုးအစားနှင့်အရေအတွက်ကို စာရင်းနှင့်တကွတင်ပြရမည်။ ယင်းအစားအသောက်၏ဘေးအန္တရာယ်ရှိမှုအပေါ်မူတည်၍ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေလျှော့ဆောင်ရွက်သွားမည်။ နမူနာကောက်ယူ၍ စစ်ဆေးမှုခံယူရမည်။ ဓာတ်ခွဲစစ်ဆေးခနှင့် စိစစ်ခကို သတ်မှတ်

လမ်းစဉ်နှင့်အညီ ပေးသွင်းရမည်။ ရံဖန်ရံခါ (သို့မဟုတ်) ကာလအပိုင်းအခြားဖြင့် စိစစ်ခြင်းကို ဆောင်ရွက်ပေးမည်။

**(ဃ) လူစီးယာဉ် (လေယာဉ်အပါအဝင်) ဖြင့်တင်သွင်း/ တင်ပို့ မှု**

တင်သွင်းပမာဏနည်းပါးပြီး အမြန်တင်သွင်းမှုလိုအပ်၍ လူစီးယာဉ်ဖြင့်ဖြစ်စေ၊ လေကြောင်းမှဖြစ်စေ တင်သွင်းသောအစားအသောက်များအတွက် ဦးစားပေးအစီအစဉ်ဖြင့် လျင်မြန်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဓာတ်ခွဲစစ်ဆေးခနှင့် စိစစ်ခကို သတ်မှတ်လမ်းစဉ်နှင့်အညီ ပေးသွင်းရမည်။

**(င) သွင်းကုန်ထောက်ခံချက်/ သွင်းကုန်ကျန်းမာရေးထောက်ခံချက်မရှိဘဲ တင်သွင်းလာသော အစားအသောက်များ**

(၁) သွင်းကုန်ထောက်ခံချက်နှင့် သွင်းကုန်ကျန်းမာရေးထောက်ခံချက် တပြိုင်တည်းလျှောက်ထားရမည်။

(၂) ဦးစားပေးအစီအစဉ်ဖြင့် စိစစ်ဆောင်ရွက်ပေးမည်။

(၃) သတ်မှတ်ကြေး သို့မဟုတ် အမြန်ကြေးကို မဖြစ်မနေပေးသွင်းရမည်။

**(စ) သိမ်းဆည်းရမိအစားအသောက်များစိစစ်ခြင်းလုပ်ထုံးလုပ်နည်း**

(၁) သာမန်အားဖြင့် အမျိုးအမည်မသိ အစားအသောက်များကို စိစစ်ပေးမည် မဟုတ်ပါ။

(၂) အမျိုးအမည်သိ အစားအသောက်ဖြစ်လျှင်

(၂-က) ထုတ်လုပ်သူ၊ စက်ရုံ၊ ကုန်အမှတ်တံဆိပ်များ မပါဝင်ပါက စိစစ်ပေးမည်မဟုတ်ပါ၊

(၂-ခ) ထုတ်လုပ်သူ၊ စက်ရုံ၊ ကုန်အမှတ်တံဆိပ်ပါဝင်ပါက ဌာနတွင် သက်ဆိုင်ရာ အချက်အလက် အထောက်အထားများ ရှိ/မရှိ စိစစ်ပါမည်၊

(၂-ဂ) သက်ဆိုင်ရာအထောက်အထားများရှိပါက ယင်းအထောက်အထားများ ပြန်လည်စိစစ်၍ (လိုအပ်ချက်အရ ဓာတ်ခွဲစစ်ဆေးခြင်းအပါအဝင်) စားသုံးရန်သင့်/မသင့် ယေဘုယျအဖြေကို ပြန်ကြားပေးမည်။

(၃) စိစစ်ခ၊ ဓာတ်ခွဲစစ်ဆေးခများကို သတ်မှတ်နှုန်းထားများအတိုင်း လုပ်ထုံးလုပ်နည်းနှင့် အညီ စစ်ဆေးရန်တောင်းဆိုသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်က ကျခံပေးသွင်းရမည်။ (ပေးသွင်းခြင်း မရှိပါက ဆက်လက်ဆောင်ရွက်မည်မဟုတ်ပါ)